မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၉ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၂၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၂၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်ခြားစောင့်တပ်ဖွင့်ပွဲ မက်မန်းမြို့၌ကျင်းပ

နေပြည်တော် မေ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့တွင် မက်မန်းမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်ဝင်း၊ ဗိုလ်ချုပ်လှရွှေ၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်ချုပ်လှိုင်မြင့်နှင့် နယ်မြေခံတပ်နယ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထု အင်အား ၆၀၀ခန့် တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၄ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဒီမိုကရက်တစ်ပါတီ(မြန်မာ)အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄၃/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၀ ရက်)

ဒီမိုကရက်တစ်ပါတီ(မြန်မာ)အား နိုင်ငံရေးပါတီအဖြစ်
မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကွက်သစ်လမ်း၊ အမှတ်(၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ဒီမိုကရက်တစ်ပါတီ(မြန်မာ)အား ၂၀၁၀ပြည့်နှစ်၊ မေလ ၂၀ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ မှတ်ပုံတင်အမှတ်မှာ (၆) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကယန်းအမျိုးသားပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၄/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄၄/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၀ ရက်)

ကယန်းအမျိုးသားပါတီအား နိုင်ငံရေးပါတီအဖြစ်
မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့၊ ညောင်ကုန်း (၃)ရပ်ကွက်၊ သိုင်းဗဟန်လမ်း၊ အမှတ်(ည/၁၂၅)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ကယန်းအမျိုးသားပါတီအား ၂၀၁၀ပြည့်နှစ်၊ မေလ ၂၀ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကယန်းအမျိုးသားပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၇) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် မေ ၂၁ ရက်)

သန့်ရှင်းသောသောက်သုံးရေရရှိရေး စေတနာရှင်ပြည်သူများ လက်တွဲပါဝင်

နိုင်ငံတော်အစိုးရသည် ရေခက်ခဲသောဒေသများတွင် ဆည်တမံများတည်ဆောက်ပေးလျက်ရှိသည့်အပြင် မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ပေးလျက်ရှိသည်။ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးရွာများ၌ ကျေးရွာတစ်ရွာ စက်ရေတွင်းတစ်တွင်း တူးဖော်ပေးလျက်ရှိသည်။

သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်ဒေသများ၌ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ သောက်သုံးရေ လုံလောက်စွာ ရရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းအတွင်းရှိ မုံရွာမြို့ လူထိပ်ပန်ရပ်ကွက်၊ ကန့်ဘလူမြို့၊ မြင်းမူမြို့ တပင်ရွှေထီး ရပ်ကွက်၊ မြောင်မြို့နယ် အုန္နဘုတ်ကျေးရွာ၊ ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာ၊ ဝက်လက်မြို့နယ် အရှေ့ကျင်ကျေးရွာ၊ တမာကန်ကျေးရွာ၊ ညောင်ကန်ကျေးရွာ၊အင်းဘဲတောင်ကျေးရွာ၊ ဘုတလင်မြို့နယ် မြောက်ကျီကျေးရွာ၊ ဆားလင်းကြီးမြို့နယ် ဓနိတောကျေးရွာများရှိ ပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက အဖွဲ့ပိုင် ရေသယ်ယာဉ်၊ မီးသတ်ယာဉ်တို့ဖြင့် သောက်သုံးရေများကို ဖြန့်ဝေပေးလျက်ရှိသည်။

အလားတူ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းတို့တွင်လည်း သောက်သုံးရေ ခက်ခဲသော ကျေးလက်ဒေသများ၌ ရေသယ်ယာဉ်များ၊ မီးသတ်ရေယာဉ်များဖြင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ မီးသတ်တပ်ဖွဲ့များ၊ စေတနာရှင်ပြည်သူများက ရေသယ်ယာဉ်မျိုးစုံဖြင့် ရေဖြန့်ဝေပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် အပူလွန်ကဲမှုကြောင့် ဖြစ်ပေါ်လာရသည့် သောက်သုံးရေရှားပါးမှုကို တိုင်းရင်းသားပြည်သူများ အခက်အခဲမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် သောက်သုံးရေရရှိရေးကို အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိရာ စေတနာရှင်ပြည်သူများကလည်း ပူးပေါင်းလက်တွဲပါဝင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆောက်လုပ်ရေး ဝန်ကြီး ဦးခင်မောင်မြင့်အား
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Li Shenglin နှင့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၈ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ရွှေလီမှကျောက်ဖြူသို့ တရုတ်-မြန်မာ စကြံလမ်းမကြီးစီမံကိန်း ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းဌေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Min Zar Ni Co.,Ltd. ၏ကူညီပံ့ပိုးမှုတို့ဖြင့် မေ ၂၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခ ဒေါက်တာတင်စိုးက မြန်မာ့စီးပွားရေးတိုးတက်မှု အလားအလာများကို မြန်မာ့ထုံးတမ်းစဉ်လာ အယူအဆများနှင့် ဂလိုဘယ်လိုက်ဇေးရှင်း ရှုထောင့်မှ ချဉ်းကပ်လေ့လာခြင်း (Prospects of Myanmar Economic Developments: and Approach From The Concept of Myanmar Tradition and Process of Globalization) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ရင်ထဲက အရဟံ** တရားတော် [အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ)]
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၇)
- ၈:၃၀ Sports World
- ၈:၅၅ **မြတ်သောအလှူ ဆုထူးယူ**
- ၉:၁၀ Activities in the City -Gano Excel Myanmar ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲ -ဝိုင်း-မွန်တက်ဆိုရီစင်တာ၏ ရွှေရတုအလှူမင်္ဂလာ
- ၉:၄၀ Movie Talk
- ၁၀:၄၀ **ဒေင်၏ ရေကုထုံး**
- ၁၀:၅၀ **ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင်** စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၀:၅၅ ဖက်ရှင်လမ်းညွှန် (Designer Sann Bauk Rar Summer Fashion)
- ၁၁:၂၀ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
- ၁၁:၄၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (သဘော်အကြွပ်ယို မုန့်လုပ်နည်း)
- ၁၁:၅၅ VJ Choice
- ၁၂:၂၅ Activities in the City -Gano Excel Myanmar ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲ -ဝိုင်း-မွန်တက်ဆိုရီစင်တာ၏ ရွှေရတုအလှူမင်္ဂလာ
- ၁:၀၀ **ရင်ထဲက အရဟံ** တရားတော် [အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ)]
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း (တေးသံရှင် R ဇာနည်နှင့် တွေ့ဆုံခြင်း)
- ၃:၂၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၇)
- ၄:၀၅ **မြတ်သောအလှူ ဆုထူးယူ**
- ၄:၂၅ ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ)(လေးပုံသုံးပုံလွဲချက် ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း)
- ၄:၃၀ ဧယျာသီရိကျောင်းတိုက်ကြီး၏ နှစ် (၅၀)ပြည့် ရွှေရတုသဘင်ပွဲတော်
- ၄:၅၀ တေးဂီတအစီအစဉ်
- ၅:၀၀ **ဒေင်၏ ရေကုထုံး**
- ၅:၁၀ World of Knowledge (Mega Fish)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Life Style & II
- ၆:၄၀ ဖက်ရှင်လမ်းညွှန် (Designer Sann Bauk Rar Summer Fashion)
- ၇:၀၅ မြန်မာရဲ့အလှ အမှတ်တရ (ဇမ္ဗူရစ် အမှတ်တရ ပစ္စည်းဆိုင်)
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ VJ Choice
- ၉:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (တေးသံရှင် R ဇာနည်နှင့် တွေ့ဆုံခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၇)
- ၁၀:၀၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
- ၁၀:၁၅ ဧယျာသီရိကျောင်းတိုက်ကြီး၏ နှစ် (၅၀)ပြည့် ရွှေရတုသဘင်ပွဲတော်
- ၁၀:၂၅ Life Style & II
- ၁၀:၄၅ မြန်မာရဲ့အလှ အမှတ်တရ (ဇမ္ဗူရစ် အမှတ်တရ ပစ္စည်းဆိုင်)
- ၁၁:၁၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁:၂၀ Say it in English
- ၁၁:၃၀ ကော်ဇောမှာ အသွင်ဆန်း ဒေါ်ပုံကော်ဇောအစွမ်း
- ၁၂:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကားဖြင့် ရေဖြန့်ဝေပေးလျက်ရှိရာ မေ ၁၄ရက်က တောင်ရပ်ကွက် နယ်မြေ(၁၀) နှင့် ဘူတာရပ်ကွက် နယ်မြေ(၁၂)ရှိ ရပ်ကွက်နေ ပြည်သူများအတွက် သောက်သုံးရေ ဖြန့်ဝေပေးစဉ်။

(မြို့နယ်စည်ပင်)

ချင့်ချိန်တွေးဆ ဖြေရှင်းရေးသင်တန်းဖွင့်မည်

နေပြည်တော် မေ ၂၀

International Foundation သင်တန်းကို Informatics & THAMES (IT & Business Education) ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။

ကြာမြင့်မည်ဖြစ်

ယင်းသင်တန်းတွင် ဘာသာရပ် ငါးခုပါရှိပြီး ၄င်းတို့မှာ Proficiency in English (Level I,II,III), Computer Applications, Mathematics, Learning Skills, Critical Thinking တို့ဖြစ်သည်။ သင်တန်းကာလ တစ်နှစ်အတွင်း ဖြေဆိုအောင်မြင်နိုင်ပြီး ခြောက်လမှ ကိုးလအထိ ကြာမြင့်မည်ဖြစ်သည်။

သင်တန်းများတွင် တက်ရောက်သင်ကြားလေ့လာခြင်းဖြင့် ကျောင်းသားကျောင်းသူများသည် ပညာရပ် နယ်ပယ်အသီးသီးကို လေ့လာသင်ယူမှုပြုရာ၌ အင်္ဂလိပ်စာ စွမ်းရည်ကို ပိုင်နိုင်စွာ တတ်မြောက်စေရန်နှင့် အခြေခံတွက်ချက်မှုစွမ်းရည်၊ IT နည်းပညာ၊ သင်ယူလေ့လာမှုနည်းဗျူဟာ၊ ချင့်ချိန်တွေးဆခြင်းနှင့် ပြဿနာများ ဖြေရှင်းခြင်းတို့အတွက် ကျွမ်းကျင်မှုများ တိုးတက်လာမှာဖြစ်သည်။

ထို့ပြင် ပညာရေးလေ့လာမှုနယ်ပယ်တွင်သာမက အသက်မွေးဝမ်းကျောင်း နယ်ပယ်များတွင်လည်း မိမိဘဝကို အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည်။

သင်ကြားခွင့်ရရှိ

သင်တန်းများပြီးဆုံးပါက Informatics Academy (Singapore)မှ ပေးအပ်သော Certificate ရရှိမည်ဖြစ်ပြီး Informatics,Singapore သို့ သွားရောက်ပညာသင်ယူလိုသူ လူငယ်များအနေဖြင့် FoundationProgram ကို တက်ရောက်စရာမလိုတော့ဘဲ သက်ဆိုင်ရာ Degree Program များ၏ ပထမနှစ် Diploma သင်တန်းများသို့ တိုက်ရိုက် ဆက်လက်သင်ကြားခွင့် ရရှိမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်း

စိတ်ဝင်စားသူများသည် Informatics & THAMES (Yangon, Myanmar) ဒဂုံစင်တာနှင့် ဂမုန်းပွင့်ကုန်တိုက်ကြား မြေနီကုန်းပလာဇာ ဒုတိယထပ် ဖုန်း-၅၂၅၉၇၁၊ ၅၀၁၄၅၀၊ ၇၀၆၇၄၀ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ မြန်မာဒီမိုကရေစီကွန်ဂရက်(Myanmar Democracy Congress) အဖွဲ့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် မေ ၂၀ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုလိုက်သည်။

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော အဖွဲ့(၂၉)ဖွဲ့အနက် အောက်ဖော်ပြပါအဖွဲ့များက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် မေ ၂၀ရက် တွင် လာရောက်လျှောက်ထားခဲ့ကြသည်-

(၁) ခေတ်သစ်ပြည်သူ့ပါတီ(Modern People Party)
(၂) ပြည်ထောင်စုဒီမိုကရေစီပါတီ(Union Democratic Party)

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်အဖွဲ့ (၂၄)ဖွဲ့အနက် အောက်ဖော်ပြပါ အဖွဲ့များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် မေ ၂၀ရက်တွင် နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်-

(၁) ဒီမိုကရက်တစ်ပါတီ(မြန်မာ)
(၂) ကယန်းအမျိုးသားပါတီ
(၃) မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၃၉)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၂၄)ပါတီအနက် ပါတီ(၈)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွတ်ခိုင်မြို့ပေါ်သို့ ရေဖြန့်ဝေပေးလျက်ရှိသော ခိုဒင်စိမ့်စမ်းရေထွက်ရေသိုလှောင်နိုင်မှုအခြေအနေကို မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အမှုဆောင်အရာရှိ ဦးနန်းဖိန်းလှအောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းနှင့် သက်ဆိုင်သော အဆင့်မြင့်အရာရှိကြီးများ၏ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၀

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် UNICEF (Myanmar) တို့ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ် အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းနှင့် သက်ဆိုင်သော အဆင့်မြင့် အရာရှိကြီးများ၏ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ UNICEF (Myanmar) ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်းက အမှာစကား ပြောကြားသည်။

နှုတ်ခွန်းဆက်စကား

ထို့နောက် UNICEF(Myanmar) ဌာနေကိုယ်စားလှယ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဓာတ်ပုံရိုက်

ယင်းနောက် ဗိုလ်ချုပ်ငွေသိန်း၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ



နေပြည်တော် မေ ၂၀

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲကို မေ ၁၀ရက်က တိုင်းမိခင်နှင့်ကလေးရုံး၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်း**(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကြိမ် (၂၀) မြောက် နှစ်ပတ်လည် အစည်းအဝေးက ချမှတ်ပေးလိုက်သော ရှေ့လုပ်ငန်းစဉ်များကို တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးကျော်ရှိန်က ရှင်းလင်းဆွေးနွေးသည်။

ဖတ်ကြားတင်ပြ

ဆက်လက်ပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ရာသက်ပန် အသင်းဝင် အဆိုပြုလွှာများကိုပေးအပ်ရာ တိုင်းကြီးကြပ်ဥက္ကဋ္ဌက လက်ခံပြီး ဗဟိုမှ ထောက်ပံ့သော မုံရွာမြို့နယ်နှင့် စစ်ကိုင်းမြို့နယ် (CNC) နှစ်ခုအတွက် ငွေကျပ် ၁၀သိန်းကို ပေးအပ်သည်။ ယင်းနောက် တိုင်းကြီးကြပ်အတွင်းရေးမှူးက မြို့နယ် ၃၇မြို့နယ်အတွက် အိုင်အိုဒင်းဆား ၉၂၅ပိဿာနှင့် ဗဟိုမှ ထောက်ပံ့သော သားဖွားခန်းသုံးပစ္စည်းများကို မြို့နယ်များသို့ ပေးအပ်ကာ အစည်းအဝေးတက်ရောက်လာသူများက အထွေထွေဆွေးနွေးညှိနှိုင်းကြပြီး တိုင်းကြီးကြပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(တိုင်း ပြန်/ဆက်)**

သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် GIS နှင့် Remote Sensing နည်းပညာအသုံးချသင်တန်း

နေပြည်တော် မေ ၂၀

သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေသုံးသပ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါးစေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် Myanmar Credent Technology တို့ ပူးပေါင်း၍ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် GIS နှင့် Remote Sensing နည်းပညာအသုံးချသင်တန်း(GIS and Remote Sensing Applications for Natural Disaster Management) ကို ဖွင့်လှစ်မည်ဖြစ်သည်။

ဖွင့်လှစ်သင်ကြား

အဆိုပါ သင်တန်းကို မေ ၂၂၊ ၂၃၊ ၂၉၊ ၃၀ရက်(စနေ၊ တနင်္ဂနွေ) နေ့များတွင် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ သင်တန်းကာလ လေးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည်။

သင်တန်းတွင် သဘာဝဘေးအန္တရာယ်အမျိုးအစား၊ သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေ သုံးသပ်ချက်၊ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရယူခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးအစားအလိုက် ဖြစ်ပေါ်နိုင်သော ပျက်စီးဆုံးရှုံးမှုအမျိုးမျိုး၊ ကြိုတင်ပြင်ဆင်ကာကွယ်မှု၊ စောင့်ကြည့်လေ့လာမှု၊ စီမံခန့်ခွဲမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုနည်းပါးစေရန်အတွက် အချိန်တိုအတွင်း စီမံချက်များရေးဆွဲခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ခေတ်မီနည်းပညာများဖြစ်သည့် ပထဝီဝင်သတင်းအချက်အလက်စနစ် သို့မဟုတ် သတင်းအချက်အလက်မြေပုံစနစ် (GIS-Geographic Information System) နှင့် ဂြိုဟ်တုဓာတ်ပုံ၊ ကောင်းကင်ဓာတ်ပုံ အသုံးချခြင်း(Remote Sensing) နည်းပညာများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

သဘာဝဘေးကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်လျက်ရှိသော အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ အသင်းဝင်များနှင့် ကျောင်းသားများအတွက် သင်တန်းကြေး ၂၀ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါ သင်တန်းနှင့်ပတ်သက်၍ စိတ်ဝင်စားသူများအနေဖြင့် အသေးစိတ်အချက်အလက်များကို Myanmar Credent Technology အဆောင် (၁) အခန်း (၇)Myanmar Info-Tech ဖုန်း-၆၅၂၂၈၅၊ ၆၅၂၂၈၆နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လှိုင်တက္ကသိုလ်ဝင်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၉၆၇၃၊ ၅၁၉၆၇၄၊ ၅၁၉၆၇၅နှင့် ၅၁၉၆၇၆တို့သို့ ဆက်သွယ် စုံစမ်းအပ်နှံနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နတ်မောက်မြို့ တမာပင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ပျံလွန်တော်မူ

နေပြည်တော် မေ ၂၀

နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်း နတ်မောက်မြို့ တမာပင်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါရှိ ဘဒ္ဒန္တဉာဏောဘာသသည် (၁၃၇၂ခုနှစ် နယုန်လဆန်း ၇ရက်) မေ ၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

၂၀-၅-၂၀၁၀

ကလေးဝမြို့

၄၃ ဒသမ ၂ဒီဂရီစင်တီဂရိတ်

မုံရွာမြို့

၄၁ ဒသမ ၅ဒီဂရီစင်တီဂရိတ်

တွံတေးမြို့နယ် ကျေးလက်ပြည်သူများ သောက်သုံးရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ရေသယ်ယာဉ်ဖြင့် မေ ၁၅ရက်က တမာတကောကျေးရွာတွင် ရေဖြန့်ဝေပေးစဉ်။

(မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါး ကာတွန်း၊ ပန်းချီ၊ ပိုစတာ တိုင်းအဆင့်ပြိုင်ပွဲ မြောင်းမြ၌ ကျင်းပ

နေပြည်တော် မေ ၂၀

၂၀၁၀ ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၃)ကြိမ်မြောက် တိုင်းအဆင့်ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို မေ ၈ရက်နှင့် ၉ရက်တို့က မြန်မာ့ဝါခန်းမ၌ကျင်းပရာ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ် အခြေခံပညာကျောင်းများနှင့် မြောင်းမြပညာရေးကောလိပ်တို့မှ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်(၃)ဆင့်ခွဲ၍ ကျောင်းသား ကျောင်းသူ ၃၂ဦးတို့က ပန်းချီ၊ ကာတွန်း၊ ပိုစတာရေးဆွဲ ယှဉ်ပြိုင်ကြရာ မြောင်းမြခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေအောင်နှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် မေ ၂၀

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မုန်းဒေသ ရေပြာချောင်းအနီးရှိ ကြောင်ပြာကျေးရွာနေ ကိုအောင်မင်းဦးသည် အဖော်များနှင့်အတူ မေ ၁၇ရက် မွန်းလွဲ ၂နာရီကျော်ခန့်တွင် မွေတော်ကျေးရွာ၏ အရှေ့ဘက်တစ်မိုင်ခန့်အကွာရှိ ရေပြာချောင်းအနီးသို့ မီးသွေးဖုတ်ရန်သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးကိုနင်းမိပြီး ယာဘက်ခြေချင်းဝတ်ပြတ်ဒဏ်ရာ၊ မျက်နှာနှင့်ဝဲဘက်ခြေထောက်တို့တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့သဖြင့် ကျောက်ကြီးမြို့နယ် ဆေးရုံသို့ ပို့ဆောင် ကုသပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီ

လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီ
ဆီးရီးယားခရီးစဉ်၌ သမ္မတအာဆက်နှင့်ဆွေးနွေး

ဒမတ်စကတ် မေ ၂၀

လက်ဘနွန်ဝန်ကြီးချုပ်ဆာအက်ဟာရီရီသည် ဒေသတွင်းနောက်ဆုံးဖြစ်ပေါ်ပြောင်းလဲမှုများကို ဆွေးနွေးရန် ဆီးရီးယားသမ္မတ ဘရှားအယ်အာဆက်နှင့် ဒမတ်စကတ်မြို့၌ မေ ၁၈ရက်က တွေ့ဆုံဆွေးနွေးကြောင်း ဆီးရီးယားအစိုးရသတင်းဌာနက ကြေညာသည်။

လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီသည် ဆီးရီးယားနိုင်ငံသို့ ၂၀၀၉ ခုနှစ် ဒီဇင်ဘာအတွင်းက ပထမဆုံးအကြိမ် တရားဝင်လာရောက်လည်ပတ်ခဲ့သဖြင့် ယခုခရီးသည် ဒုတိယအကြိမ်ဖြစ်သည်။ ဝန်ကြီးချုပ်ဟာရီရီသည် ဆီးရီးယားနိုင်ငံသို့မရောက်မီ ဆော်ဒီအာရေဗျနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး ဆော်ဒီဘုရင်အဗ္ဗဒူလာနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆီးရီးယားခရီးစဉ်အပြီးတွင် တူရကီခေါင်းဆောင်များနှင့် တွေ့ဆုံရန် တူရကီနိုင်ငံသို့ ခရီးဆက်ရန် စီစဉ်ထားသည်။ **(အင်တာနက်)**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ၂၀၁၂ ခုနှစ်တွင်ကျရောက်မည့် အိုလံပစ်အားကစားပွဲအထိမ်းအမှတ်အဖြစ် သရုပ်ဖော်အရုပ်များကို မေ ၁၉ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အီရန်နျူကလီးယားကြေညာချက်
တရုတ်လက်ကမ်းကြိုဆို

ပေကျင်း မေ ၂၀

အီရန်က ဘရာဇီး၊ တူရကီတို့နှင့် ဆွေးနွေးပြီး ထုတ်ပြန်သည့် နျူကလီးယားလောင်စာဆိုင်ရာ ကြေညာချက်ကို တရုတ်အစိုးရက မေ ၁၉ရက်၌ ကြိုဆိုလိုက်သည်။

ဆန့်ကျင်

ယင်းကြေညာချက်က အီရန်အပေါ် အမေရိကန်ဦးဆောင်ပြီး အရေးယူပိတ်ဆို့မှုပြုလုပ်မည့် လှုပ်ရှားမှုကို ဆန့်ကျင်နိုင်ဖွယ်ရှိသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။ ယင်းကြေညာချက်ကို အခြေပြု၍ ကုန်ကြမ်းလောင်စာ ကီလိုဂရမ် ၁၂၀၀ကို အီရန်က တူရကီသို့ ပို့ပေးမည်ဖြစ်သည်။

အာမခံချက်

ယင်းသို့ဖြင့် ၂၀၀၉ခုနှစ်အတွင်း အနောက်အုပ်စုနှင့်ဆွေးနွေးခဲ့သည့် အဆိုပြုချက် တစ်ရပ်အပေါ် အခြေပြု၍ အဆင့်မြင့် သန့်စင်ပြီး ယူရေနီယံနှင့် ဖော်ပြပါ လောင်စာတို့ ဖလှယ်ရာတွင် အီရန်အတွက် လုံလောက်သည့် အာမခံချက်ပေးနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်မှ အီတလီတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်ပြောကြား

ရောမ မေ ၂၀

အာဖဂန်နစ္စတန်နိုင်ငံမှ အီတလီတပ်ဖွဲ့ဝင်များအား မိမိပြန်လည်ရုပ်သိမ်းလိုကြောင်း အီတလီဝန်ကြီးချုပ် ကိုဘာလူစကိုနီက မေ ၁၈ရက်တွင် ပြောကြားလိုက်သည်။ သို့သော် မည်သည့်အချိန်တွင် ရုပ်သိမ်းမည်ကို ထုတ်ဖော်ပြောဆိုခြင်းမပြုပေ။ အာဖဂန်နစ္စတန်နိုင်ငံ၌ သေဆုံးသည့် အီတလီတပ်ဖွဲ့ဝင်နှစ်ဦးအား အီတလီတပ်ဖွဲ့ဝင်များက နောက်ဆုံးဂုဏ်ပြုနှုတ်ဆက် အလေးပြုသည့်ရက်တွင် အီတလီဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ (အင်တာနက်)

၂၀၁၀ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံအောင်မြင်ရန်
ပြင်သစ်အစိုးရ စိတ်အားထက်သန်

မက္ကဆီကိုစီးတီး မေ ၂၀

မက္ကဆီကိုသမ္မတကော်ဒရွန်နှင့် ပြင်သစ်သမ္မတဆာကိုဇီတို့ စပိန်နိုင်ငံ၌ မေ ၁၈ရက်က တွေ့ဆုံကြပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာနှင့် ပြန်ပေးဆွဲမှုနှင့်စပ်လျဉ်းသည့် ပြင်သစ်အမျိုးသမီးတစ်ဦးအား မက္ကဆီကိုနိုင်ငံ၏ အပြစ်ပေးမှုကိစ္စတို့ကို ဆွေးနွေးကြသည်။

စီစဉ်ထား

မက္ကဆီကိုနိုင်ငံရှိ အပန်းဖြေစခန်းမြို့ ကန်ကွန်၌ နိုဝင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည့် ၂၀၁၀ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံအောင်မြင်စေရန် ပြင်သစ်အစိုးရက စိတ်အားထက်သန်သည်ဟု ဆာကိုဇီက ကော်ဒရွန်သို့ ပြောကြားသည်။

ဆက်လက်ပြောကြား

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ခြေခြေမြစ်မြစ်ရှိသည့် သဘောတူညီချက်များ ရရှိရန်အရေးကြီးကြောင်း ပြင်သစ်သမ္မတဆာကိုဇီက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ရထားလမ်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး
တရုတ်-ယူအေအီး သဘောတူလက်မှတ်ရေးထိုး

အဘူဒါဘီ မေ ၂၀

တရုတ်နိုင်ငံနှင့် အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး) နှစ်နိုင်ငံတို့ ရထားလမ်းတည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်ရန် မေ ၁၈ရက်က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြောင်း ဆင်ဟွာသတင်းတွင် မေ ၁၉ရက်၌ ဖော်ပြသည်။

လက်မှတ်ရေးထိုး

အဆိုပါနားလည်မှုစာချွန်လွှာကို တရုတ်ရထားပို့ဆောင်ရေးဝန်ကြီး လူကျိကျန်က မေ၁၈ရက်တွင် ယူအေအီးနိုင်ငံသို့ ရောက်ရှိစဉ် ယူအေအီးအလုပ်သမားဝန်ကြီးဌာနဝန်ကြီး ရှီကာဟမ်ဒန်မူဘာရက်နှင့် အဘူဒါဘီမြို့၌ လက်မှတ်ရေးထိုးခြင်း ဖြစ်သည်။

အပြန်အလှန်

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွင် ရထားလမ်းတည်ဆောက်မှု တိုးချဲ့ရေး၊ နည်းပညာအပြန်အလှန် ဖလှယ်ရေးနှင့်သင်တန်းပို့ချရေး အစီအစဉ်များ တိုးမြှင့်ရေးတို့ ပါဝင်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

လက်ရာ သစ်သားလှေ

ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးမြို့ နိုင်ငံတကာ ကမ္ဘာ့ခရီးသွား ကုန်စည်ပြပွဲ၌ ပါဝင်ပြသမည့် လက်မှုပညာရှင်နှစ်ဦး၏လက်ရာ သစ်သားလှေ ပုံစံငယ်ကို မေ ၁၉ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဂျော်ဂျီယာမှရုရှားသို့ လေကြောင်းခရီးစဉ် ပြန်လည်စတင်

တီဘလီဆီ မေ ၂၀

ရုရှားအာဏာပိုင်များထံမှ ခွင့်ပြုချက်ရရှိပြီးနောက် ဂျော်ဂျီယာလေကြောင်း ခရီးစဉ်များကို ရုရှားနိုင်ငံ မော်စကိုမြို့သို့ ပြန်လည်စတင် ပျံသန်းမည်ဖြစ်သည်ဟု ဂျော်ဂျီယာ အမျိုးသားလေကြောင်း ကုမ္ပဏီက မေ ၁၉ရက်၌ ပြောကြားသည်။

ပျံသန်းပြေးဆွဲ

အဆိုပါလေကြောင်း ခရီးစဉ်များကို မေ ၂၄ရက်မှ နိုဝင်ဘာ ၁ရက်အထိ ဂျော်ဂျီယာနိုင်ငံ တဲလ်အဗစ်မြို့မှ ရုရှားနိုင်ငံ မော်စကိုမြို့သို့ တိုက်ရိုက်ပျံသန်းသွားမည်ဖြစ်ပြီး သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ပျံသန်းပြေးဆွဲသွားမည် ဖြစ်သည်ဟုဆိုသည်။

ရပ်တန့်ထား

နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်း ခရီးစဉ်ကို ၂၀၀၈ခုနှစ် ဩဂုတ်လအတွင်းမှ စတင်ကာ ရပ်တန့်ထားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်ရှိ ကန်စစ်စခန်း စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်

ကဘူးလ် မေ ၂၀

အာဖဂန်နစ္စတန်နိုင်ငံရှိ ဘာဂရမ်လေတပ်စခန်းကို စစ်သွေးကြွများက မေ ၁၉ ရက်တွင် ဝင်ရောက်တိုက်ခိုက်ရန် ကြိုးစားခဲ့မှုအတွင်း စစ်သွေးကြွခုနစ်ဦးသေဆုံးသည်ဟု နေတိုးတပ်ဖွဲ့က ပြောကြားသည်။

ဘာဂရမ်လေတပ်စခန်းသည် အမေရိကန်တပ်ဖွဲ့၏ အဓိကလေတပ်စခန်းတစ်ခုဖြစ်ပြီး အာဖဂန်ရှိ အကြီးဆုံး စစ်အခြေစိုက်စခန်းများ၌ တစ်ခုအပါအဝင် ဖြစ်သည်။

ဒဏ်ရာရရှိ

မေ ၁၉ ရက် နံနက်ပိုင်း၌ စစ်သွေးကြွများက ဒုံးကျည်များ၊ လက်နက်ငယ်များ၊ လက်ပစ်ဗုံးများ အသုံးပြု၍ အဆိုပါစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် နေတိုးတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိသွားကြောင်း နေတိုးတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါလေတပ်စခန်းသည် ကဘူးလ်မြို့ မြောက်ဘက် မိုင် ၃၀ အကွာတွင်ရှိပြီး ယင်းတိုက်ခိုက်မှုအတွင်း စစ်သွေးကြွများက ကားတစ်စီးကို အသုံးပြု၍ တိုက်ခိုက်ရန်ကြိုးစားခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အာဖဂန်၌ ပြည်ပတပ်ဖွဲ့ဝင်များသေဆုံးမှု နေတိုးတပ်မှူးစိုးရိမ်မကင်းဖြစ်နေ

ကဘူးလ် မေ ၂၀

အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုများ တစ်ဟုန်ထိုး မြင့်တက်လာစဉ် အာဖဂန်နစ္စတန်နိုင်ငံတွင် ပြည်ပတပ်ဖွဲ့ဝင် သေဆုံးသူဦးရေ မြင့်မားမှုနှင့်ပတ်သက်၍ နေတိုးထိပ်တန်း တပ်မှူးတစ်ဦးက စိုးရိမ်မကင်းဖြစ်ရကြောင်း မေ ၁၉ရက်၌ ထုတ်ဖော်ပြောကြားသည်။

ပြောကြား

၂၀၀၁ခုနှစ်နောက်ပိုင်း အာဖဂန်စစ်ပွဲဖြစ်ပွားခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၁၀၀နှင့် အပေါင်းပါတပ်ဖွဲ့ဝင် ၆၀၀ ကျော် သေဆုံးခဲ့ရသည်ဟု ရေတပ်ဗိုလ်ချုပ်ကြီး စတက်ဗီဒစ်က ပြောကြားသည်။ သေဆုံးသူ တပ်ဖွဲ့ဝင်များတွင် အက်စ်တိုးနီးယားသည်အများစုဖြစ်ပြီး ဒိန်းမတ်၊ ဗြိတိန်၊ ကနေဒါနှင့် အမေရိကန်တို့ နောက်မှ လိုက်လျက်ရှိသည်ဟု ၎င်းက ပြောကြားသည်၊ **(အင်တာနက်)**

ပီရူးမြောက်ပိုင်း၌ ငလျင်လှုပ်

လီမာ မေ ၂၀

ပီရူးနိုင်ငံမြောက်ပိုင်း အမေဇုံးနားပြည်နယ်၌ မေ ၁၉ ရက်တွင် မြေပြင်အနက် ၂၁၉ ကီလိုမီတာကို ဗဟိုပြုကာ အင်အားရစ်ချ်တာစကေး ၆ဒသမ၄ရှိ ငလျင်လှုပ်သွားကြောင်း ပီရူးနိုင်ငံ ဘူမိဗေဒဌာနက သတင်းထုတ်ပြန်သည်။

ယင်းဖြစ်ပွားမှုသည် ၎င်းနိုင်ငံရှိ ပြည်နယ်ကြီးသုံးပြည်နယ်တို့၌ ငလျင်ဒဏ်ခံခဲ့ရပြီး သေကျေပျက်စီးမှုစာရင်းများ ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

ပီရူးနိုင်ငံ၌ ၂၀၀၇ ခုနှစ်က ရစ်ချ်တာစကေး ၇ ဒသမ ၅ အဆင့်ရှိ ငလျင်ဒဏ်ကြောင့် လူပေါင်း ၆၀၀ ကျော်သေဆုံးခဲ့ရပြီး အိမ်ခြေ ၇၀၀၀၀ခန့် ပျက်စီးခဲ့ရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ကျန့်စီပြည်နယ်၌ နိုင်ငံတကာပြတိုက်နေ့အထိမ်းအမှတ်ပြပွဲ ကျင်းပနေသည်ကို မေ ၁၈ ရက်က တွေ့ရစဉ်။
(ဆင်ဟွာဓာတ်ပုံ)

ရုရှား၌မိုင်းတွင်းပေါက်ကွဲ၊ နှစ်ဦးပျောက်ဆုံး

မော်စကို မေ ၂၀

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ၌ မေ ၁၉ ရက်က ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးပျောက်ဆုံးနေကြောင်း အရေးပေါ်ဝန်ကြီးဌာနက အာအိုင်အေနိုဗော့စတီသတင်းဌာနသို့ ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွား

အဆိုပါမိုင်းတွင်းတွင် အလုပ်သမား ၃၁ဦးအလုပ်လုပ်နေစဉ် မတော်တဆ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အလုပ်သမား ၂၉ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ကျန်နှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိသည်။

ကယ်တင်

ပြီးခဲ့သည့် ၁၀ရက်ကလည်း ကင်မာရာဘိုဒေသရှိ ကြီးမားသည့် ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၆၆ဦးသေဆုံးခဲ့သည်။ အလုပ်သမား ၁၀၉ဦးမှာ အဆိုပါ မိုင်းတွင်း၌ အလုပ်လုပ်နေစဉ် မတော်တဆ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အလုပ်သမား ၁၀၇ဦးတို့အား ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဆွီဒင်ဘုရင် တရုတ်သို့အလည်အပတ်ရောက်ရှိ

ဆွီဒင်ဘုရင် ရှုစတပ်သည် ငါးရက်ကြာ အလည်အပတ်ခရီးအဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ မေ ၂၀ ရက်က ရောက်ရှိလာကြောင်း၊ ပေကျင်းမြို့၌ တရုတ်သမ္မတ ဟူကျင်ထောင်းအပါအဝင် ထိပ်တန်းအရာရှိများနှင့် နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

ပိုလန်မြောက်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား

ပိုလန်နိုင်ငံ မြောက်ပိုင်းနယ်စပ်ဒေသများတွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး နေအိမ်အများအပြား ရေလွှမ်းလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပိုလန်အရာရှိများကပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ ဒုံးကျည်ကျရောက်ပေါက်ကွဲ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘိုအင်ဂါစီးတီးတွင် မေ ၂၀ ရက် နံနက်က ဒုံးကျည်တစ်စင်း ကျရောက်ပေါက်ကွဲရာ အရပ်သားများ ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ဒုံးကျည်ကျရောက်ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ကွန်ဂိုအရှေ့ပိုင်း မီးတောင်၌ မြေပြိုကျမှုဖြစ်ပွား

*ကွန်ဂိုနိုင်ငံအရှေ့ပိုင်း နီရာဂွန်ဂိုမီးတောင်သည် မေ ၂၀ ရက်က မြေပြိုကျမှုဖြစ်ပွားရာ အနီးဝန်းကျင်၌ နေထိုင်ကြသော ဒေသခံ ၄၆ ဦးသေဆုံးပြီး အိမ်ခြေ ၂၀၀ ကျော် ပျက်စီးခဲ့ကြောင်း ကွန်ဂိုအရာရှိများက ပြောကြားသည်။ **(အောက်ပုံ)***

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ မေ ၂၀ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၉၆ ဒသမ ၁၇ ဒေါ်လာသာရှိခဲ့ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

လက်ဘနွန်နှင့်ကူဝိတ် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မည်

လက်ဘနွန်နှင့် ကူဝိတ် နှစ်နိုင်ငံတို့သည် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ပူးတွဲကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန် လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီနှင့် လက်ဘနွန်သို့ အလည်အပတ်ရောက်ရှိနေသော ကူဝိတ်စော်ဘွားတို့ မေ ၁၉ ရက်က လက်မှတ်ရေးထိုးကြသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများကျဆင်းလျက်ရှိရာ အမေရိကန်နယူးယောက်မြို့ ဈေးကွက်၌ မေ ၂၀ ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၉၀သာရှိခဲ့ကြောင်း အမေရိကန်လုပ်ငန်းရှင်များက သတင်းထုတ်ပြန်သည်။

ရုရှားရေတပ်စစ်သင်္ဘော စစ်ရေးလေ့ကျင့်

ရုရှားရေတပ်မှ နျူကလီးယားဒုံးကျည်တင် စစ်သင်္ဘောပရိုတာဗီလီကီသည် ဂျပန်ပင်လယ်ပြင်တွင် မေ ၁၉ ရက်မှစတင်ကာ သုံးရက်ကြာစစ်ရေးလေ့ကျင့်မှုများပြုလုပ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

အိန္ဒိယ၌ မုန်တိုင်းသတိပေးချက် ထုတ်ပြန်

အိန္ဒိယနိုင်ငံ အန္ဒြာပရာဒေ့ရှ်ပြည်နယ်သို့ ဦးတည်ကာ လာမည့် ၂၄နာရီအတွင်း အင်အားပြင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်သဖြင့် ဒေသခံပြည်သူ ၄၀၀၀၀ခန့်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနေရကြောင်း အိန္ဒိယအရာရှိများက မေ ၂၀ရက်တွင် ပြောကြားသည်။ (အင်တာနက်)

လောင်းလုံး၌ ရေငန်ပုစွန်သားပေါက်မျိုးစိုက်ထည့်

လောင်းလုံး မေ ၂၀

တနင်္သာရီတိုင်း ကမ်းရိုးတန်းတစ်လျှောက်တွင် ငါး၊ ပုစွန်များ တိုးပွားလာစေရန် ရေငန်ပုစွန်သားပေါက်မျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဧပြီ၄ရက် နံနက်၁၀နာရီခွဲက ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အောက်ကျောက်ဝပ်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် ဦးသန်းလွင်(နိုင်နိုင်အောင်ကုမ္ပဏီ)က ရေငန်ပုစွန်သားပေါက် ၂ဒသမ၁၂သိန်းကို ပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဉာဏ်ဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးသန့်နှင့် တက်ရောက်လာကြသူများက လက်ခံယူကြသည်။

မျိုးစိုက်ထည့်

ထို့နောက် သတ်မှတ်ထားသော နေရာတွင် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေလုပ်သားများနှင့်အတူ ပင်လယ်ပြင်သို့ ရေငန်ပုစွန်သားပေါက်မျိုး စိုက်ထည့်ကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျွန်းလှ၌ အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်

ကျွန်းလှ မေ ၂၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မီးသတ်တပ်ဖွဲ့၏ စီစဉ်မှုဖြင့် အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၁၀)ဖွင့်ပွဲကို ဧပြီ၂၃ရက် နံနက်က မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ ကျင်းပရာ မြို့နယ်ဉက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား၅၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ဗလငါးတန်

ဖွံ့ဖြိုးဖို့

စာအုပ်စာပေ

လေ့လာစို့

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့ ကြီးကြပ်၍ ရပ်ကွက်၊ ကျေးရွာများရှိ ရွာသူရွာသားများ ရေပြတ်လပ်မှု မရှိစေရေးအတွက် မေ၄ရက်က သောက်သုံးရေများကို ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် တံခွန်တိုင် ကျေးရွာအုပ်စု အဝစကျေးရွာ၌ ဖြန့်ဝေပေးရာ ကျေးရွာသူကျေးရွာသားများ ပြုံးပန်းဝေစည်စွာဖြင့် ရေရယူသုံးစွဲကြစဉ်။ (၁၅၄)

သောက်သုံးရေ ပြတ်လပ်သောမြို့နယ်များသို့ ငွေနှင့်သောက်ရေသန့်ဘူးများလှူဒါန်းပွဲ ပဲခူး၌ကျင်းပ

ပဲခူး မေ ၂၀

ပဲခူးခရိုင်အတွင်းရှိ သောက်သုံးရေပြတ်လပ်နေသော ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များသို့ ငွေနှင့်သောက်ရေသန့်ဘူးများ လှူဒါန်းပွဲကို မေ ၁၄ရက် မွန်းလွဲ ၂နာရီက ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌရုံးခန်း၌ ကျင်းပရာ ရန်ကုန်မြို့ ဧရာဟင်္သာကုမ္ပဏီ မိသားစုက ငွေကျပ်သိန်း ၅၀နှင့် ငွေကျပ် ၁၀၁၇၀၀၀ တန်ဖိုးရှိ တစ်လီတာဆံ့ သောက်ရေသန့်ဘူး၆၇၈၀တို့ကိုလှူဒါန်းရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌကိုယ်စား ပဲခူးခရိုင်ဉက္ကဋ္ဌ ဦးမြင့်သူရက လက်ခံယူသည်။ (ဝဲပုံ)

အဆိုပါ လှူဒါန်းငွေနှင့် ရေသန့်ဘူးများကို မြို့နယ်လေးမြို့နယ်သို့ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်တံတားမြို့နယ် ၃၃လမ်း အမှတ် ၁၆၅/၁၆၇/၁၇၁နေ ဖခင် ဦးထွန်းကြည် (၁၀)နှစ်ပြည့်အား ရည်စူး၍ မိခင် ဒေါ်ကျင်ရွှေ မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်၁၂၂၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ကသာမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သော ရေစစ်ကန်မှ တစ်ဆင့် မြို့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း ကော့သောင်း၌ဖွင့်

ကော့သောင်း မေ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၆/၂၀၁၀)၊ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၅၅/၂၀၁၀)နှင့် အိမ်တွင်းမှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ် (၄/၂၀၁၀) သင်တန်းဖွင့်ပွဲကို မေ ၁၀ရက်က အေးမြကန်သာရပ်ကွက်ရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဉက္ကဋ္ဌ ဦးအံ့မော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် သင်တန်းသူများအား နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခင်လတ်ကြီးနှင့်ဇနီး၊ ခရိုင်ဉက္ကဋ္ဌတို့က ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမျိုးသမီးစက်ချုပ် သိုးမွေးစက်ဆွဲနှင့် အခြေခံလက်မှုသင်တန်း လှိုင်ကော်၌ဖွင့်

လှိုင်ကော် မေ ၂၀

အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၄၇/၂၀၁၀)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၆/၂၀၁၀)၊ အခြေခံသိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ် (၆/၂၀၁၀)နှင့် အခြေခံလက်မှု(ကြိမ်/ဝါး)သင်တန်းအမှတ်စဉ်(၃/၂၀၁၀)သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၆ နာရီက ကယားပြည်နယ် လှိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးက သင်တန်းနှင့် ပတ်သက်သော စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

(ပြည်နယ် ပြန်/ဆက်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် အာဆီယံဒေသ သစ်တောကဏ္ဍဆိုင်ရာမူဝါဒများချမှတ်အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (၆)ကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံဒေသ သစ်တောကဏ္ဍဆိုင်ရာ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (၆)ကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အာဆီယံဒေသ သစ်တောကဏ္ဍဆိုင်ရာ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (AEG-IFPP) (၆)ကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ် Lake View Hall ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ကိုရီးယားသမ္မတနိုင်ငံ သစ်တောဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဝန်ကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဖတ်ကြားဆွေးနွေး

ထို့နောက် AEG-IFPP (၆)ကြိမ်မြောက် အစည်းအဝေး ပထမနေ့ အစီအစဉ်များကို နံနက် ၉နာရီတွင် ရွှေနန်းတော်ဟိုတယ် မင်္ဂလာခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ဆောင်ရွက်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ သက်ဆိုင်ရာကိုယ်စားလှယ်များက စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးကို ယနေ့မှ မေ ၂၁ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးနှင့် စစ်ကိုင်းတိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကျင်းပ

နေပြည်တော် မေ ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးနှင့် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲအခမ်းအနားကို မေ ၁၂ရက် ညနေ ၃နာရီက မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးက ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်မှုများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စစ်ကိုင်းတိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဦး၊ မုံရွာခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းအေး၊ မုံရွာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြင်စောတို့က ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ရှင်းလင်း

ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်း/ခရိုင်/မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူး စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ မုံရွာမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များအား ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၁-၅-၂၀၁၀

(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၅၀ ၅။ မဟာဂီတချိုကြည်မြ
၅:၀၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ
ပိုးစုန်းကြူးတို့၏ လျှို့ဝှက်ချက်
(အပိုင်း-၂)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ **ရှာ** ဟာသဇာတ်လမ်းတွဲ
ဝက်နှ မေတ္တာ
မေတ္တာ၊ ပေါ်လေး၊ ချစ်ဖွယ် ဝင်းသပြေထွန်း၊ ဠမ်းပုံ
(ဒါရိုက်တာ-မိုးဇော်ကို)
၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း
ရင်နှစ်သည်းချာ
(အပိုင်း-၂၉)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသောသီချင်းများ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း
လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ
(အပိုင်း-၈)
၂၄။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်

နွေရာသီ အခြေခံပြေးခုန်ပစ် သင်တန်းဆင်း

နမ့်ခမ်း မေ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်၌ ဖွင့်လှစ်ခဲ့သည့် နွေရာသီ အခြေခံပြေးခုန်ပစ်သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၄ရက်က ခရိုင်အားကစားကွင်းတွင် ကျင်းပသည်။ **(အောက်ပုံ)** သင်တန်းဆင်းပွဲတွင် နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာနသိပ္ပံ (မန္တလေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းတင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌဦးကိုကိုအောင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ သင်တန်းကို အားကစားနှင့်ကာယပညာဦးစီးဌာနသိပ္ပံ (မန္တလေး) မှ ပြေးခုန်ပစ်နည်းပြ ဦးသိန်းဝင်း (ခ)ဂိုပါးလ် (မြန်မာ့လက်ရွေးစင်ဟောင်း)နှင့် နည်းပြများက သင်ကြားပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အာရှမြားပစ်ဒိုင်လူကြီးအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန် မြန်မာမြားပစ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၀

အာရှမြားပစ်အဖွဲ့ချုပ်မှ ကြီးမှူး၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၂၁ရက်မှ ၂၃ရက်အထိ ကျင်းပမည့် မြားပစ်အလုပ်ရုံဆွေးနွေးပွဲနှင့် မြားပစ်ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ဆွေးနွေးပွဲကို တက်ရောက်ရန် အာရှမြားပစ်အဖွဲ့ချုပ် ဒိုင်လူကြီး၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/က) ဦးဆောင်သည့် မြန်မာမြားပစ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အောက်ပုံ)**

လိုက်ပါ

မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် အာရှမြားပစ်အဖွဲ့ချုပ် ဒိုင်လူကြီး၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/က)၊ အဖွဲ့ဝင်များအဖြစ် ဒေါ်ကေသီ (အရှေ့တောင်အာရှ မြားပစ်ဒိုင်လူကြီး)၊ ဒေါ်အေးသီတာ (မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒိုင်လူကြီး)၊ ဦးဝင်းတင့် (မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒိုင်လူကြီး) စုစုပေါင်း လေးဦး လိုက်ပါသွားကြသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲတွင် ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒိုင်လူကြီး ဆွေးနွေးပွဲ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒိုင်လူကြီး ဆွေးနွေးပွဲနှင့် (၁၆)ကြိမ်မြောက် ကွမ်ကျို့အာရှအားကစားပြိုင်ပွဲ မြားပစ်စည်းရုံးရေးနှင့် နည်းစနစ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲရေး ဆွေးနွေးပွဲများ ထည့်သွင်းပြုလုပ်သွားမည်ဖြစ်သည်။ ထို့ပြင် နောက်ဆုံးပြောင်းလဲကျင်းပမည့် နည်းဥပဒေများကို သင်ကြားပို့ချပေးမည်ဖြစ်ရာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ မြားပစ်ဒိုင်လူကြီးများ ပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ တက်ရောက်ခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

လိုင်လာ၏ အရှိန်ကြောင့် နိုင်ငံတစ်ဝန်း မိုးများထစ်ချုန်းရွာသွန်းခဲ့

နေပြည်တော် မေ ၂၀

ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်းလိုင်လာ၏ အရှိန်ကြောင့် မေ ၁၈ရက်နှင့် ၁၉ရက်တို့တွင် နိုင်ငံတစ်ဝန်း မိုးများ ပျံ့ပျံ့နှံ့နှံ့ ထစ်ချုန်းရွာသွန်းခဲ့ကြောင်း သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

မိုးထစ်ချုန်းရွာ

မေ ၁၉ရက်တွင် အခြားပြည်နယ်နှင့် တိုင်းများနည်းတူ နေပြည်တော်၌လည်း ပျံ့ပျံ့နှံ့နှံ့ မိုးထစ်ချုန်းရွာသွန်းခဲ့ပြီး မိုးရွာသွန်းမှုအနေဖြင့် နေပြည်တော်တွင် ၁ ဒသမ ၇၁လက်မ၊ နေပြည်တော်ပျဉ်းမနားတွင် ၂ ဒသမ ၂၄လက်မ၊ နေပြည်တော်လယ်ဝေးတွင် ၁ ဒသမ ၁၆လက်မနှင့် နေပြည်တော်တပ်ကုန်းတွင် ၁ ဒသမ ၄၃လက်မ ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကမ္ဘာ့အကြီးဆုံး ဦးထုပ်

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်ထားသော ဦးထုပ်တစ်လုံးမှာ ကမ္ဘာပေါ်တွင် အကြီးဆုံး ဦးထုပ်အဖြစ် သတ်မှတ်ခံရသည်။

ယင်းဦးထုပ်ကို မက်ဒရစ်မြို့သား ရာဖေးလ်မာလီဒါအမည်ရှိ အမျိုးသားတစ်ဦးက ပြုလုပ်ထားခြင်းဖြစ်ပြီး အချိန်သုံးလကြာသည်အထိ တစ်ဦးတည်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အရွယ်အစား

၎င်းဦးထုပ်ကြီး၏ အရွယ်အစားမှာ အမြင့် ပေ ၂၀၊ အကျယ် ၂၅ပေ ၇လက်မ ရှိပြီး စွန့်ပစ်ပလတ်စတစ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ဦးထုပ်ကို အဝါရောင်တစ်မျိုးတည်းသာ ဆေးခြယ်ထားသည်။ *(အင်တာနက်)*

❍ *ကျော့ဖုံးမှ*

ထိုဒေသကို အညာဒေသ၏ အိုအေစစ်လေးပမာ ထိတွေ့ခံစားရသည်။

ထို့နောက် ဗျတ္တပန်းဆက်လမ်းမှသည် ကျောက်ပန်းတောင်းလမ်းအတိုင်း ပြန်လာသောအခါ အညာနွေ၏ ပူပြင်းမှုကို ခံစားရပြန်သည်။

ဝင်ရောက်လေ့လာ

သို့နှင့် လမ်းခုလတ်အရောက်တွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်က ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းဘေး အနောက်အုံကျေးရွာရှိ စာကြည့်တိုက်သို့ ဝင်ရောက်လေ့လာပါဦးလားဟု ဖိတ်ခေါ်၍ တစ်ထောက်တစ်နားအဖြစ် ဝင်ရောက်လေ့လာရန် စိတ်ကူးမိသည်။

စည်ကား

ကားကို ကျောက်ပန်းတောင်း-ညောင်ဦးလမ်းမ၏ ဝဲဘက်သို့ချိုးကွေ့ပြီး သဲလမ်းအတိုင်း ရွာရိုးအတွင်း ဝင်လာရာ မကြာမီ စာဖတ်သူများဖြင့် စည်ကားနေသည့် လူငယ့်အားမာန် စာကြည့်တိုက်သို့ ရောက်ရှိခဲ့သည်။

"စာဖတ်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်"
မအေးချမ်းမေ
တက္ကသိုလ်ဝင်တန်းကျောင်းသူ
ပုဂံမြို့သစ် အထက။

ထိုစာကြည့်တိုက်အတွင်းသို့ ဝင်မိသော် အညာမြေ အညာနွေ၏ အိုအေစစ်တစ်ခုကို ရောက်ခဲ့ရပြန်ပြီဟု စာရေးသူ တွေးထင်ခံစားလိုက်မိသည်။

စာပေဖတ်ရှုသူ၊ လေ့လာသူ လူကြီးလူငယ်များဖြင့် စည်ကားနေသော အေးရိပ်မြုံလေးတစ်ခုပါပေ။

ချမ်းမြေ့

တိတ်ဆိတ် ငြိမ်သက်နေသော စာကြည့်တိုက်အတွင်း စာပေအလင်းရောင်ဖြင့် မိမိဘဝဖွံ့ဖြိုးတိုးတက်မှုလမ်းစကို ရှာဖွေနေသော ကလေး၊ လူငယ်များကို တွေ့မြင်ရသောအခါ စာရေးသူ၏ ရင်ထဲတွင် ချမ်းမြေ့ရသည်၊ ပီတိဖြစ်ရသည်။ ထိုသို့ ချမ်းမြေ့ခြင်း၊ ပီတိဖြစ်ရခြင်းသည်ပင် အညာမြေ၏ အပူကို အန်တုနိုင်သော ရင်တွင်းဖြစ်အိုအေစစ်ပင် မဟုတ်ပါလား။

ဤအနောက်အုံကျေးရွာတွင် အိမ်ခြေ ၃၂၀ ရှိသည်ဟုသိရသည်။ အခြေခံပညာနှင့် တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူများလည်း များစွာရှိသည်ဟု သိရသည်။

ဝါသနာ

စာကြည့်တိုက်တွင် စာဖတ်သူများပြားနေခြင်းနှင့်ပတ်သက်၍ စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဦးသိန်းဇော်က "နွေရာသီ ကျောင်းပိတ်ရက်ဖြစ်တာရယ်၊ သူတို့ကိုယ်တိုင်ကိုက စာဖတ်တာ ဝါသနာပါတာရယ်ကြောင့် ခုလို စာကြည့်တိုက်မှာ

"ကျေးလက်စာကြည့်တိုက်တွေ ဖွင့်လှစ်နိုင်တာဟာ ကျေးလက်ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့်ပါပဲ"
ဒေါ်တင်မြလွင်
ခရိုင်ဦးစီးအရာရှိ
ညောင်ဦးခရိုင် ပြန်/ဆက်။

"စာဖတ်ခြင်းကနေ အသိပညာတွေ အများကြီးရနိုင်တာဟာ ဒီစာကြည့်တိုက်တွေကပါပဲ"
မကူးကူးဝေ
တက္ကသိုလ်ဝင်တန်းကျောင်းသူ
ပုဂံမြို့သစ် အထက။

စာဖတ်သူ များနေရတာဖြစ်ပါတယ်" ဟု ဖြေကြားသည်။

တိုးတက်

စာဖတ်ဝါသနာပါခြင်းကြောင့်ဖြစ်စေ၊ စာဖတ်ခြင်းအလေ့ကို ပြုစုပျိုးထောင်ရာမှ စာဖတ်သည့် အလေ့အကျင့် ရရှိလာခြင်းကြောင့်ဖြစ်စေ စာကြည့်တိုက်များတွင် လာရောက်စာဖတ်ကြသူများသည် ၎င်းတို့၏ဘဝ နေ့စဉ်နှင့်အမျှ တိုးတက်နေမည်မှာ ဧကန်အမှန်ပင် ဖြစ်သည်။

စာဖတ်ခြင်းမှ ရရှိလာသော အသိပညာ ဗဟုသုတများသည် မိမိ၏ လုပ်ငန်းခွင်တွင်လည်းကောင်း၊ မိမိပတ်ဝန်းကျင်တွင်လည်းကောင်း ပြန်လည်အသုံးချခွင့် ရသည်နှင့်အမျှ မိမိဘဝသည် ဆက်လက်တိုးတက်နေမည်သာဖြစ်သည်။

စာငှားကတ်စနစ်

လူငယ့်အားမာန် စာကြည့်တိုက်သို့

"စာကြည့်တိုက်တွေ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကွင်းဆင်းဆွေးနွေး ဆောင်ရွက်လျက်ရှိပါတယ်"
ဒေါ်မေသက်နွယ်
ဒုတိယဦးစီးမှူး
ညောင်ဦးခရိုင် ပြန်/ဆက်။

ရောက်ခိုက် ကျေးရွာသူ ကျေးရွာသားများ စာဖတ်သည့်အလေ့ရရှိအောင် စာငှားကတ်စနစ် အသုံးပြုမှုကို မေးမြန်းကြည့်သောအခါ စာကြည့်တိုက်ကော်မတီ အတွင်းရေးမှူး ဦးသိန်းဇော်က "စာကြည့်တိုက် အသင်းဝင်လိုသူတွေအတွက် အသင်းဝင်ကြေး ထားရှိပါတယ်။ တစ်ယောက်ကိုမှ ငွေကျပ် ၁၀၀နှုန်းပဲ ဖြစ်ပါတယ်။ သက်သာတဲ့ နှုန်းထားဖြစ်ပါတယ်။ အသင်းဝင်တွေဟာ မိမိတို့အိမ်ကို စာအုပ်ငှားရမ်းယူခွင့်ရှိပါတယ်။ ပြီးတော့ စာငှားကတ်စနစ်ကိုလည်း ကျင့်သုံးပါတယ်။ တစ်ကတ်ကို ငွေကျပ် ၂၀၀လောက်ပဲရှိပြီး စာအုပ် ၁၀အုပ်အထိ ငှားယူနိုင်ပါတယ်။ ဒါတွေဟာ စာဖတ်သူတွေအတွက် စာကြည့်တိုက်မှာသာ မဟုတ်ဘဲ မိမိတို့အိမ်မှာလည်း အချိန်ရရင် ရသလို စာဖတ်နိုင်တဲ့ အခွင့်အရေး ရှိတဲ့အတွက် သူတို့အတွက် များစွာမှပဲ အကျိုးရှိလှပါတယ်"။

ပေးဝေနိုင်ခဲ့

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်ကလည်း "ဒီစာကြည့်တိုက်ဟာ နေ့စဉ်ထုတ်သတင်းစာယူတဲ့ စာကြည့်တိုက် တစ်တိုက်ဖြစ်ပါတယ်။ သတင်းစာတွေ ညောင်ဦးကို လေယာဉ်နဲ့မနက်စောစော နေ့ချင်းရောက်တဲ့အတွက် ဒီစာကြည့်တိုက်ကိုလည်း နေ့ချင်းပဲ ပေးဝေနိုင်ခဲ့ပါတယ်" ဟု ပြောကြားလေသည်။

တည်ဆောက်ထား

ညောင်ဦးမြို့နယ် အနောက်အုံကျေးရွာမှ လူငယ့်အားမာန်စာကြည့်တိုက်သည် ကျေးရွာအတွင်း သီးခြားမြေပေါ်၌ သီးခြားအဆောက်အအုံအဖြစ် တည်ဆောက်ထားသော စာကြည့်တိုက်ဖြစ်လေသည်။



"စာဖတ်ချင်စိတ်ရှိတဲ့ ကလေးတွေကိုကြည့်ပြီးပီတိဖြစ်ရပါတယ်"
ဦးဇော်ဝင်းချို
စာကြည့်တိုက်မှူး
(စိုးစံစာကြည့်တိုက်)။

စာရေးသူ စာကြည့်တိုက်သို့ ရောက်ခိုက် စာကြည့်တိုက်ကော်မတီဝင်များ၊ စာဖတ်သူများနှင့် ဗဟုသုတဖလှယ်ကာ အားပါးတရ စကားပြောကြပြီးနောက် စာကြည့်တိုက်အတွင်းမှ ပြန်လည်ထွက်ခွာလာခဲ့သည်။

ကြည်နူးပီတိ

အေးမြသော စာပေအရိပ်အာဝါသ၊ အားမာန်အပြည့်ဖြင့် တက်ကြွလန်းဆန်းနေသော အနောက်အုံကျေးရွာ စာဖတ်သူများထံမှ ထွက်ခွာလာခဲ့ရသော်လည်း စာရေးသူ၏ ရင်တွင်း၌ကား စာပေမှတစ်ဆင့် ရရှိလာမည့် အနာဂတ်ကာလ အနောက်အုံကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကို မျှော်တွေးကာ ကြည်နူးပီတိဖြစ်ခဲ့ရသည်။

တောင်းဆို

၎င်းနောက်မှာတော့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိအား တစ်ဆက်တည်း နောက်စာကြည့်တိုက်တစ်တိုက်ကို လေ့လာခွင့်ပြုရန် စာရေးသူ တောင်းဆိုလိုက်သည်။

ခရိုင်ဦးစီးအရာရှိက စီစဉ်ပေးပါသည်။

အလှူရှင်တစ်ဦး၏ ကိုယ်ပိုင်အိမ်ကို စာကြည့်တိုက်ပြုလုပ်ပေးပြီး ကျေးလက်ပြည်သူများအား စာပေ လေ့လာခွင့်ပြုထားသော ပုဂံမြို့သစ်ရှိ စိုးစံစာကြည့်တိုက်ကို လေ့လာခွင့်ရခဲ့သည်။

အလှမ်းကွာ

ယခု စာရေးသူတို့ ထွက်ခွာလာခဲ့သည့် အနောက်အုံကျေးရွာသည် ကျောက်ပန်းတောင်း-ညောင်ဦး လမ်းဘေးတွင်ရှိပြီး ယခုသွားမည့် စိုးစံစာကြည့်တိုက်သည် ညောင်ဦး-ချောက် ကားလမ်းဘေး ပုဂံမြို့သစ်တွင်ရှိသည်။ အလှမ်းကွာသော်လည်း ကျေးလက်စာကြည့်တိုက်များအကြောင်း သတင်းဆောင်းပါးရေးလိုသဖြင့် နွေလယ်နေ၏ အပူကိုအန်တု၍ အရောက်သွားခဲ့ပါသည်။

စာပေဖတ်ရှု

စိုးစံစာကြည့်တိုက် ရောက်တော့ စာကြည့်တိုက်မှူး ဦးဇော်ဝင်းချိုနှင့်အတူ စာပေဖတ်ရှု လေ့လာနေကြသော ကျောင်းသား ကျောင်းသူများကို တွေ့ရသည်။

ဆွေးနွေး

စာရေးသူနှင့်အတူ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်၊ ခရိုင် ဒုတိယဦးစီးမှူး ဒေါ်မေသက်နွယ်တို့လည်း ပါလာသဖြင့် အားလုံးဝိုင်းထိုင်ကြကာ ညောင်ဦးခရိုင်အတွင်းရှိ စာကြည့်တိုက်များအကြောင်း ဆွေးနွေးဖြစ်ကြသည်။

လွှဲအပ်ထား

ဦးစွာ စာကြည့်တိုက်မှူး ဦးဇော်ဝင်းချိုက "ဒီစာကြည့်တိုက်ဟာ ပြင်ဦးလွင်မြို့က ဗိုလ်မှူးမောင်လတ် (အငြိမ်းစား)က သူ့ရဲ့ကိုယ်ပိုင်အိမ်ကို စာကြည့်တိုက်အဖြစ် ပြုလုပ်ဖို့ လွှဲအပ်ထားတာ ဖြစ်ပါတယ်။ ဒီမှာတော့ ပုံမှန်အားဖြင့် စာဖတ်သူအင်အားက တစ်နေ့ကို ပျမ်းမျှ ၅၀လောက်ရှိပါတယ်။ အများစုကတော့ ကျောင်းသားကျောင်းသူတွေဖြစ်ပါတယ်။ စာဖတ်ချင်စိတ်ရှိတဲ့ ကလေးတွေကိုကြည့်ပြီး ပီတိဖြစ်ရပါတယ်"။

ပူးပေါင်းပါဝင်

ညောင်ဦးခရိုင်အတွင်း စာကြည့်တိုက်အရေအတွက်ကို သိလိုသဖြင့် စာရေးသူက မေးတော့ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်မြလွင်က "ညောင်ဦးခရိုင်အတွင်းမှာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၁၈၆တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ ကျေးလက်စာကြည့်တိုက်တွေ အခုလို ဖွင့်လှစ်နိုင်တာဟာ ကျေးလက်ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်နိုင်မှုတွေကြောင့်ပဲ ဖြစ်ပါတယ်"။

စဉ်ဆက်မပြတ်

ထို့နောက် ခရိုင်ဒုတိယဦးစီးမှူး ဒေါ်မေသက်နွယ်က "အဲဒီ စာကြည့်တိုက်အတော်များများက သတင်းစာတွေ ယူကြပါတယ်။ စာကြည့်တိုက်တွေဟာ ကျွန်မတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သတ်မှတ်ထားရှိတဲ့ စံ(၅)ရပ်နဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မတို့ ရုံးဝန်ထမ်းတွေကလည်း အဖွဲ့ခွဲပြီး စာကြည့်တိုက်တွေ ရေရှည်တည်တံ့ခိုင်မြဲရေးနဲ့ စံ(၅)ရပ်နဲ့ညီရေးကို စဉ်ဆက်မပြတ် ကွင်းဆင်းဆွေးနွေး ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

အသုံးချ

စာရေးသူ စိတ်ကူးရသဖြင့် စာဖတ်နေကြသူများအနက်မှ သမီးငယ်တစ်ဦးဖြစ်သည့် တက္ကသိုလ်ဝင်တန်း ကျောင်းသူ မအေးချမ်းမေကို စာဖတ်ခြင်းအကျိုးနှင့် စပ်လျဉ်းပြီး မေးကြည့်ရာ "သမီးက ပုဂံမြို့သစ် အထက ကိုးတန်းအောင်ထားတဲ့ ကျောင်းသူပါ။ အခုလို ကျောင်းပိတ်ချိန်မှာ စာဖတ်ရတဲ့အတွက် ဗဟုသုတတွေ အများကြီးရပါတယ်။ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်တဲ့ အလေ့ကိုလည်း ရရှိခဲ့ပါတယ်"။

ဗဟုသုတတိုး

ထို့နောက် ပုဂံမြို့သစ် အထကမှပင် တက္ကသိုလ်ဝင်တန်းတက်မည့် ကျောင်းသူ မကူးကူးဝေကို မေးကြည့်ရာ၌ "သမီးက နဂိုကလည်း စာဖတ်ဝါသနာပါတယ်။ အမေကလည်း ဒီစာကြည့်တိုက်က ဝန်ထမ်းဆိုတော့ စာကြည့်တိုက်ကို မကြာခဏရောက်ပြီး စာဖတ်ဖြစ်တယ်။ စာဖတ်ခြင်းအကျိုးကတော့ သူများတွေထက် ဗဟုသုတတိုးတာပါပဲ။ စာဖတ်ခြင်းကနေ အသိပညာတွေ အများဆုံးရနိုင်တဲ့နေရာဟာ ဒီစာကြည့်တိုက်တွေပါပဲ"ဟု ဖြေကြားလေသည်။

'စာအုပ်စာပေလူ့မိတ်ဆွေ' ဟူသော ဆိုစကားရှိပါသည်။ လူ့ဘဝတိုးတက်ရန် မိတ်ဆွေများစွာ လိုပါသည်။ စာအုပ်များသည် လူ့ဘဝတိုးတက်ရေးအတွက် ထာဝရမိတ်ဆွေများ ဖြစ်ပါသည်။ ထိုမိတ်ဆွေများကို စာကြည့်တိုက်များ၌ တွေ့နိုင်ပါသည်။

ပေါ်ထွက်လာ

ယခုအခါ ညောင်ဦးခရိုင်အတွင်းရှိ ကျေးလက်ဒေသများ၌ စာကြည့်တိုက်များ အစီအရီ ပေါ်ထွက်လို့လာခဲ့ပေပြီ။

ရှာဖွေတွေ့ရှိ

ကျေးလက်နေ စာဖတ်သူပြည်သူများသည် မိမိတို့ဘဝ တိုးတက်ရေးအတွက် စာကြည့်တိုက်များသို့ သွားရောက်ခြင်းဖြင့် ထာဝရမိတ်ဆွေကို ရှာဖွေတွေ့ရှိနေကြပြီ ဖြစ်ပါသည်။

ထာဝရမိတ်ဆွေ

အလားတူ နိုင်ငံတစ်ဝန်းမှ တိုင်းရင်းသား ပြည်သူများကိုလည်း စာဖတ်ခြင်းဖြင့် ထာဝရမိတ်ဆွေများကို စာကြည့်တိုက်များတွင် ရှာဖွေကြပါစို့ဟု တိုက်တွန်းရင်း....။ ။ **(မြန်မာ့အလင်း)**

စိုးစံပြည်သူ့စာကြည့်တိုက်

ညောင်ဦးခရိုင် ပုဂံမြို့သစ်မှ စိုးစံပြည်သူ့စာကြည့်တိုက်။

လူငယ့်အားမာန်စာကြည့်တိုက်

ညောင်ဦးမြို့နယ် အနောက်အုံကျေးရွာမှ လူငယ့်အားမာန် စာကြည့်တိုက်။

အားပေးစကား ပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်း အခမ်းအနားတွင် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

* *ရှေ့ဖုံးမှ*

အမှာစကားပြောကြား

အခမ်းအနား အစီအစဉ်အရ နိုင်ငံတော်အလံ လွှင့်တင်ခြင်း၊ တပ်မတော်သား တစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်း၊ တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များ တပ်ဆင်ကာ ခန့်အပ်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ပြီး တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကား ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အစီအစဉ်အတိုင်း ဆက်လက်ပြုလုပ်ကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ယင်းနောက် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ငြိမ်းချမ်းရေးပန်းခင်း တေးသီချင်းကို သီဆိုကြ၍ တိုင်းရင်းသား ရိုးရာအကများဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြသည်။ ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု အားပေးစကား ပြောကြားသည်။

ဝမ်းမြောက်ဝမ်းသာကြိုဆို

ယခုကဲ့သို့ တိုင်းရင်းသား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု စိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူ့စစ် (ဌာနေ) တာဝန်ထမ်းဆောင်ခဲ့ကြသော အဖွဲ့များအနေဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲပြီး တာဝန်ထမ်းဆောင်ခွင့် ရရှိတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း၊ ဒေသခံ တိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း ၎င်းတို့၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် လည်းကောင်း၊ နယ်စပ်ဒေသများ ထာဝစဉ်ငြိမ်းချမ်းရေးအတွက် လည်းကောင်း မိမိဒေသတွင် နယ်ခြားစောင့်တပ်ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆို အားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရာထူးအဆင့်တံဆိပ်တပ်ဆင်ပေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များကို တပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

ပျော်ရွှင်စွာ ကခုန်ဆင်နွှဲ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တိုင်းရင်းသား ရိုးရာအကများဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြစဉ်။

(သတင်းစဉ်)

သစ္စာအဓိဋ္ဌာန် ရွတ်ဆို

ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်း အခမ်းအနားတွင် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြစဉ်။ (သတင်းစဉ်)

တက်ရောက်လာသော ဒေသခံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်ခြားစောင့်တ
အနားသို့ တက်ရောက်လာကြသည့် ဒေသခံပြ

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တ
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တို**

အာဆီယံဒေသ သစ်တောကဏ္ဍဆိုင်ရာ မူဝါဒများချမှတ် အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (၆)ကြိမ်မြောက် အစည်းအဝေး

6th Meeting of ASEAN Expert Group on International Forest Policy Processes (AEG-IFPP)

jointly organized by
Ministry of Forestry and ASEAN Secretariat

Nay Pyi Taw, Myanmar 20-21 May, 2010

တက်ရောက်လာသော ဒေသခံပြည်သူများ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား တွေ့ရစဉ်။

(သတင်းစဉ်)

မီးသတ်ရေသယ်ယာဉ် နတ်မောက်၌လွှဲပြောင်းပေးအပ်

နတ်မောက် မေ ၂၀

နတ်မောက်မြို့နယ် ပြည်သူများအလှူငွေဖြင့် ပြုပြင်ပြီးဖြစ်သော ရေဂါလန် ၁၀၀၀ဆံ့ ဖို့ဒ်ဆန်း မီးသတ်ရေသယ်ယာဉ်အား မြို့နယ်မီးသတ်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၁၅ရက် နံနက် ၁၀နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်မီးဘေးတားဆီးရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းကိုက အမှာစကားပြောကြားပြီး မြို့မိမြို့ဖ ဦးဉာဏ်ရှိန်က ရေသယ်ယာဉ် ပြုပြင်မှုနှင့် ကုန်ကျမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့မိမြို့ဖ ဦးရွှေမောက်က ရေသယ်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုထံ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)** အဆိုပါ မီးသတ်ရေယာဉ် ပြုပြင်မှုလုပ်ငန်းကို အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ပြုပြင်ခဲ့ခြင်းဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၅-၂၀၁၀

(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၇း၅၀ ၆။ အတီးပြိုင်ပွဲ
- ၈း၀၀ ၇။ ငဝန်မြစ်ကူး (မြို့ကွင်း)တံတား
- ၈း၂၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၃၀ ၉။ **တက္ကစီမီတာသင်လိုရာ**
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၁၅ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ မြန်မာစာ မြန်မာစကား
- ၅း၀၅ ၇။ အကပြိုင်ပွဲ
- ၅း၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၅း၂၅ ၉။ **မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်**
- ၅း၃၅ ၁၀။ ရိုးသားဖြူစင် ကလေးတို့အသွင်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၃)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၁၇)
- ၁၉။ သီချင်းချစ်သူ (Do-Ra-Mi)
- ၂၀။ အစီအစဉ်ပြီး၏။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

နေပြည်တော် မေ ၂၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအင်ဇော်နော်နှင့် ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြစ်ကြီးနားခရိုင်နှင့် ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို မေ ၁၉ရက် နံနက် ၉နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအင်ဇော်နော်က အမှာစကားပြောကြားပြီး ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညွန့်ရွှေနှင့် အတွင်းရေးမှူး ဦးကံဝင်းတို့က ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်ထားရှိသည့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ဖွဲ့စည်းထားရှိမှု၊ မဲဆန္ဒရှင်စာရင်းပြုစုထားရှိမှု၊ မဲဆန္ဒနယ်သတ်မှတ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တို့က အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအင်ဇော်နော်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်အတူ မဲရုံဆောက်လုပ်မည့်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) တီဗွီ၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော "မုန်တိုင်းသတင်း"နှင့် "မုန်တိုင်းသတိပေးချက်"များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ၊ ကောလာဟလ သတင်းများကို မယုံကြည်ပါနှင့်။

(၂) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက "မုန်တိုင်းသတင်း"အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက "မုန်တိုင်းသတိပေးချက်"အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

(၃) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်း ဖြတ်သန်းဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

(၄) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း မုန်တိုင်း သတိပေးချက် သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

(၅) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

(၆) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။

(၇) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိ မိသားစုဝင်များအားလုံး ပြင်ပသို့ မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။

(၈) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံ ပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

(၉) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။

(၁၀) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(၁၁) ဝမ်းရောဂါကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာနေပါ။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

...ကာနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
...ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အပူဒဏ်အန္တရာယ် ကျန်းမာရေးအသိဖြင့် သတိပြုကာကွယ်

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

ယခုအခါ ရာသီဥတု ပူပြင်းမှုဒဏ်ကို ခံစားနေကြရပါသည်။ ပူပြင်းမှုဒဏ်ကြောင့် လူတိုင်း၏ ခန္ဓာကိုယ်အသီးသီးတွင် ချွေးထွက်မှုလွန်ကဲကာ မိတ်နှင့် ယားဖုများထွက်ခြင်း၊ ခန္ဓာကိုယ်အနေဖြင့် အလိုလိုပင်ပန်းနွမ်းနယ်မှုခံစားရခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း စသည့်ဝေဒနာများ ခံစားနေကြရသည့်အပြင် ချွေးစီးများထွက်ခြင်း၊ ချွေးများခန်းခြောက်ပြီး ခန္ဓာကိုယ်အပူချိန်မြင့်တက်လာခြင်း၊ သတိလစ်ခြင်းစသည့် ဆိုးရွားသည့်အဆင့်များသို့ ရောက်ရှိလျက် အသက်အန္တရာယ်ကိုပါ ထိခိုက်စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိနေပါသည်။

ထို့ကြောင့် မလိုလားအပ်သည့်အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်ကို ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့် နေ့စဉ် သတိပေးနှိုးဆော်လျက်ရှိသည့်အပြင် အချို့မှာ အလေးထားလိုက်နာမှုမရှိသည့်အတွက် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းနှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် အထူးဂရုပြု အတိအကျလိုက်နာဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနကလည်း ထပ်ဆင့်တိုက်တွန်းနှိုးဆော်ထားပါသည်။

နွေဥတု(ဂိမ္ဟဥတု)လေးလကာလအတွင်း ပကတိလက္ခဏာများအနေဖြင့် သက်ရှိလူ၊ တိရစ္ဆာန်တို့မှာ အနည်းငယ်လှုပ်ရှားရုံမျှဖြင့် များစွာမောပန်းကာ ချွေးထွက်ပြီး အားအင်ကုန်ခန်းကြခြင်း၊ ဥတု၏ အပူချိန်ကြောင့် လည်းကောင်း၊ ချွေးထွက်ခြင်းကြောင့်လည်းကောင်း ရေကို မကြာခဏသောက်ကြရခြင်း၊ အာပေါဓာတ် (ရေဓာတ်) လွန်စွာနည်းပါး၍ ဥဏှတေဇော (ခေါ်) အပူဓာတ်များ ကြီးစိုးနေခြင်း၊ သစ်ပင်တို့တွင်လည်း အာပေါဓာတ် (ရေဓာတ်) လျော့နည်းခန်းခြောက်နေခြင်း၊ ၎င်းသစ်ပင်များ မှီတွယ်ရာ၊ ပေါက်ရောက်ရာ၊ ရပ်တည်ရာဖြစ်သော ပထဝီမြေသား၌လည်း ရေဓာတ်ခန်းခြောက် (လျော့ပါး)နေခြင်းစသည်တို့ကို တွေ့ရှိရမည်ဖြစ်သည်။

ယင်းနွေဥတုကာလအတွင်း ကျန်းမာသော ပကတိလက္ခဏာများမှာ လူတို့၏ ခန္ဓာကိုယ်တွင် အပူရှိန်များ လွှမ်းမိုးလျက်ရှိခြင်း၊ ရေဓာတ်များ လျော့နည်းခန်းခြောက်ခြင်း၊ လူတို့အနေဖြင့် အပူဒဏ်ကိုကြောက်ရွံ့ပြီး အအေးဓာတ်ကို လိုလားတောင့်တခြင်း၊ အအိပ်အစားတို့ကို လိုလားတောင့်တခြင်း၊ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်ခြင်းနှင့် အချိုအရသာကို ကြိုက်နှစ်သက်ခြင်း စသည်တို့ဖြစ်ပြီး ၎င်းလက္ခဏာများမှဆန့်ကျင်သည့် လက္ခဏာများကို တွေ့ရှိရပါက ကျန်းမာမှုကို ထိခိုက်ပျက်ပြားစေနိုင်သဖြင့် မိမိကိုယ်မိမိ ကြိုတင်ဂရုပြုဆင်ခြင်ရပေမည်။ နွေဥတု လေးလကာလသည် တေဇောဓာတ် (သို့မဟုတ်) သည်းခြေဒေါသ အဓိကဓာတ်မီးကြွချိန်ဖြစ်သဖြင့် မီးငြိမ်းစာဖြစ်သည့် အချိုအရသာကို လိုလားနှစ်ခြိုက်ခြင်းဖြစ်ပေသည်။

အပူလွန်ကဲသောနွေရာသီ၌ ချဉ်၊ ငန်၊ စပ် အပူစာများကို များစွာစားသုံးခြင်းကို ဂရုပြုရှောင်ကြဉ်ရန် လိုပါသည်။ ယင်းသို့ စားသုံးမိပါက အပူလွန်ကဲပြီး ဝမ်းလျှောခြင်း၊ ချွေးထွက်လွန်၍ အင်အားကုန်ခန်းခြင်းများ ဖြစ်တတ်ပါသည်။ တစ်ဖန် ခါးငန်သော (ဝါယော ခေါ် လေဓာတ်ကိုဖြစ်စေသော) အရသာရှိသည့် အစားအစာများ စားလွန်းပါကလည်း မီးလောင်ရာ လေပင့်သကဲ့သို့ မီးအား(အပူဓာတ်) ပိုမိုတောက်လောင်စေမည်ဖြစ်သည်။ ထို့ကြောင့် ယခုပူအိုက်သောရာသီဥတုတွင် အပူစာများကို လွန်ကဲစွာစားသောက်ခြင်းနှင့် အအေးစာများကိုလည်း လွန်ကဲစွာစားသောက်ခြင်းတို့မှ ရှောင်ကြဉ်သင့်ပေသည်။ ဥတုနှင့်အညီ စားသုံးသင့်သော အစားအစာမျိုးကို သာဓကအဖြစ် တင်ပြရမည်ဆိုပါက နံနက်ပိုင်း၊ ညနေပိုင်းနှင့် ညပိုင်းအချိန် (အပူချိန်လျော့နည်းသောအချိန်)များတွင် ကော်ဖီနွေးနွေး၊ လက်ဖက်ရည်နွေးနွေး၊ စွပ်ပြုတ်၊ သာဂူနွေးနွေး၊ နို့နွေးနွေး၊ ရေနွေးကြမ်း၊ ဟင်းချို၊ ဟင်းခါးနွေးနွေးတို့ကို စားသုံးရန်နှင့် နေ့လယ်ပိုင်းပူသောအချိန်တွင်ကား ဖရဲသီး၊ သခွားမွှေးသီး၊ စိမ်းစားဥ၊ သင်္ဘောသီးဖျော်ရည်(ရေခဲမပါ)တို့ကို အနည်းငယ်မျှသာ သောက်သင့်ပေသည်။ အခြားစားသုံးသင့်သည့် အစားအစာများမှာ ဆူးပုပ်ရွက်၊ ကုက္ကိုရွက်၊ ခွေးတောက်ရွက်၊ ထနောင်းရွက်၊ ဖျောက်ဆိပ်ရွက်၊ ပိုးစာရွက်၊ ဒန့်သလွန်ရွက်နှင့် အသီး၊ ဥသျှစ်ရွက်နှင့် အသီး၊ ရဲယိုသီးနှင့် အရွက်၊ သင်္ဘောသီးစိမ်းနှင့်အရွက်၊ ချင်း၊ ငရုတ်ကောင်း၊ ခါသား၊ ချိုးသား၊ ဆက်ရက်သား၊ ဆိတ်သား၊ သိုးသား၊ နွားသား၊ ကြက်သား စသည်တို့ ဖြစ်ပါသည်။

ပူသောဥတုတွင် မသင့်လျော်ဆုံးအာဟာရသည် ရေခဲဖြစ်ခြင်းကို ဂရုပြုရန်လိုပါသည်။ ရေအေးအေးသောက်လိုပါက သောက်ရေကို သဲအိုး၊ ရေတကောင်းတို့တွင် ထည့်ကာထားပြီး သောက်သုံးသင့်ပါသည်။ ရိုးရိုးရေအေးသည် ဝမ်းမီးကို မထိခိုက်စေသော်လည်း ရေခဲသည်ကား ဝမ်းမီးကိုထိခိုက်စေပါသည်။ "အဇီဏ္ဏာကံရောဂါမူလံ" ဟု ဆိုသည့်အတိုင်း "မကြေကျက်သော ဝမ်းမီးသည်ရောဂါတို့၏ မူလအရင်းအမြစ်ပင်တည်း" ဟု အဓိပ္ပာယ်ပြဆိုပေရာ ကျန်းမာခြင်းအတွက် ဝမ်းမီးမျှတရန် အရေးကြီးသည့်နည်းတူ ရေသောက်သုံးရာတွင်လည်း ဝမ်းမီးမျှတမှုကို မထိခိုက်စေရန် ဂရုပြုရမည်ဖြစ်သည်။

ရေသောက်ရာတွင် သန့်ရှင်းသော ရေကောင်းရေသန့်ဖြစ်ရန် လိုအပ်ပြီး သာမန်လူကောင်းတစ်ဦးအနေဖြင့် နေ့စဉ် ရေသန့်ဘူး သုံးဘူးခန့် (တစ်နည်း) ရေ ၇၅ကျပ်သား သို့မဟုတ် တစ်ပိဿာပမာဏခန့် သောက်သုံးသင့်ပါသည်။ နံနက်အိပ်ရာထ မျက်နှာသစ်ပြီးသည်နှင့်တစ်ပြိုင်နက် ညစ္စသိပ်ရေနှစ်ဖန်ခွက် သို့မဟုတ် ၂၅ ကျပ်သားပမာဏခန့် သောက်ရပါမည်။ သတိပြုဆင်ခြင်ရန်အချက်မှာ ရေအေးတစ်လှည့်၊ ရေနွေးတစ်လှည့် ဖြစ်စေ၊ တစ်ချိန်တည်းတွင် ရေနွေးနှင့် ရေအေး အပြောင်းအလဲပြု၍ဖြစ်စေ သောက်ခြင်း၊ ထမင်းစားနေစဉ် အလွန်အကျွံ ရေသောက်ခြင်းတို့ကို မပြုလုပ်ရန် ဂရုပြုရပေမည်။ ရေအေး၏ အကျိုးဂုဏ်သတ္တိများမှာ မူးဝေခြင်း၊ တွေဝေမိန်းမောခြင်း၊ အော့အန်ခြင်း၊ အပူဖျားခြင်း၊ စမြင်းထိုးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း စသည့်ဝေဒနာများကို သက်သာစေပြီး ခရီးရှည်သွားသူ၊ သီလဥပုသ်ဆောက်သူများ၊ ပြင်းထန်စွာလှုပ်ရှားမှုပြုပြီး ရေငတ်သူ၊ ကြောက်ရွံ့ထိတ်လန့်သူ၊ ဒေါသပြင်းထန်စွာ ဖြစ်ပွားသူများသည် ရေအေးကို သောက်သုံးသင့်ပါသည်။ ထို့ပြင် ရေနွေး၏ အကျိုးဂုဏ်သတ္တိများအနေဖြင့် မပူလွန်းသောရေနွေးသည် ဆီးရွှင်စေခြင်း၊ ဝမ်းမီးကိုတောက်စေပြီး အစာကိုကြေညက်စေသဖြင့် လည်ချောင်းရှင်းသန့်စေခြင်း၊ ခန္ဓာကိုယ် ပေ့ါပါးသွက်လက်စေခြင်း၊ သလိပ်၊ လေ၊ ချောင်းဆိုး၊ ပန်းနာ၊ လေနာ၊ အစာမကြေ၊ ကြို့ထိုး၊ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းသက်၊ နှုတ်မမြိန်၊ လေထိုး၊ ရင်ကျပ်၊ နှာစေးခြင်းစသော ဝေဒနာများကို သက်သာပျောက်ကင်းစေပါသည်။

ရေချိုးခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်များပါအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး ယခု အပူရှိန်လွန်ကဲသည့် နွေဥတုအခါသမယတွင် အထူးဆင်ခြင် ဂရုပြုရမည်ဖြစ်ပေသည်။ ရေမချိုးမီ ရေကိုဝအောင် တစ်ခွက်သောက်ပြီးနောက်၊ ခြေမျက်စိအောက်မှစတင်၍ ခြေသလုံး၊ ခြေသလုံးမှပေါင်၊ ပေါင်မှခါး၊ ခါးမှမျက်နှာအထိ တဖြည်းဖြည်းလောင်းချိုးပေးခြင်းသည် အကောင်းဆုံးရေချိုးနည်း စနစ်အမှန်ပင် ဖြစ်ပေသည်။ ရေချိုးပြီးပါက ခန္ဓာကိုယ်တွင် ရေများခြောက်သွေ့အောင် မျက်နှာသုတ်စောင်ဖြင့် သုတ်ပြီး လေကွယ်ရာနေရာတွင်နေလျက် ရေနွေးပူပူတစ်ခွက်ဖြစ်စေ၊ ကော်ဖီပူပူတစ်ခွက်ဖြစ်စေ၊ ဂျင်း(ချင်း)နှင့် ထန်းလျက်ကို ရေနွေးတွင်ပြုတ်၍ဖြစ်စေ သောက်ပါက အပူငုပ်ခြင်းမှ ကာကွယ်နိုင်ပါသည်။

နွေရာသီကာလတွင် ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲရောဂါများ၊ အပူဝင်၊ အပူငုပ်ရောဂါ၊ မျက်စိကျိန်း၊ မျက်စိနာရောဂါ၊ ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ရောဂါနှင့် နှာခေါင်းသွေးလျှံခြင်း စသည့်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။

(၁) ခေါင်းအုံ၊ ခေါင်းကိုက်၊ ခေါင်းခဲရောဂါများ ။ ။ ဖြစ်ပွားရသည့်အကြောင်းမှာ- နေပူ၊ မီးပူလွန်စွာခံခြင်း၊ အချိန်မဲ့အခါမဲ့ရေချိုးခြင်း၊ လေတိုက်ခြင်းကို အချိန်ကြာမြင့်စွာခံခြင်း၊ အပင်ပန်းခံခြင်း၊ ဆီးဝမ်းချုပ်ခြင်း စသောအကြောင်းတို့ကြောင့် များသောအားဖြင့် ဖြစ်ပွားတတ်ပါသည်။

ယင်းရောဂါများ ဖြစ်ပွားလာသောအခါ ခန္ဓာကိုယ်၏အပူရှိန်များ တိုးလာခြင်း၊ သွေးတိုးနှုန်း လျင်မြန်လာခြင်း၊ ချွေးငုပ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆီးနီခြင်း၊ ဆီးဝါခြင်း၊ ဆီးသွားသည့်ပမာဏနည်းခြင်း၊ ကိုယ်လက်အင်္ဂါ ကိုက်ခဲခြင်း စသည့်လက္ခဏာများ ဖြစ်ပေါ်တတ်ပါသည်။

၎င်းရောဂါမဖြစ်ပွားရေးအတွက် ပြုမူနေထိုင်ရမည့်နည်းလမ်းများမှာ နေပူ၊ မီးပူတို့ကို လွန်ကဲစွာခံစားခြင်းမှ ရှောင်ကြဉ်ရန်၊ အချိန်မှန်မှန်ရေချိုးရန်၊ လေတိုက်ခြင်းကို အချိန်ကြာမြင့်စွာခံစားခြင်းမှ ရှောင်ကြဉ်ရန်၊ အပူစာ၊ အအေးစာများကို လွန်ကဲစွာစားသုံးခြင်း မပြုရန်၊ ဆီးဝမ်းတို့ကို မှန်မှန်သွားရေးအတွက် မှန်ကန်စွာပြုပြင်ပေးရန် စသည်တို့ ဖြစ်ပါသည်။

၎င်းရောဂါဖြစ်ပွားပါက ပြုစုကုသရမည့် နည်းလမ်းများမှာ ချွေးထွက်စေရေးအတွက် ကွမ်းရွက်နှင့် ထန်းလျက်တို့ကိုပြုတ်ပြီး ၎င်းပြုတ်ရည်ပူပူကိုသောက်ရန်၊ လေလုံသော အခန်း၌နေရန်၊ အဝတ်ထူထူဝတ်ရန်၊ နနွင်းမှုန့် သို့မဟုတ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၄၃ (အကင်း ၁၀ ပါး)ဆေးကို မှိုင်းခံပြီးရှူရန်၊ ဝမ်းနုတ်ပေးရန်၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီကြီး)ကို ကွမ်းရွက်ပြုတ်ရည်နှင့် လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက နှစ်ရွေးသား တစ်နေ့လျှင် သုံးကြိမ်နှုန်းဖြင့် သုံးရက်တိုက်ပေးရန်နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅ (မတဲမြင်းမိုရ်ကုန်းဆေး)ကို လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက တစ်ပဲသား တစ်နေ့လျှင် သုံးကြိမ်နှုန်းဖြင့် သုံးရက်တိုက်ပေးရန်တို့ ဖြစ်ပါသည်။

(၂) အပူဝင်၊ အပူငုပ်ရောဂါ ။ ။ ဖြစ်ပွားရသည့်အကြောင်းများမှာ- အအေးမိခြင်း၊ ရေချိုးမှားခြင်း၊ ဆီးနှင့်ဝမ်းတို့အချုပ်ခံခြင်း၊ အေးသောအစာများကို လွန်ကဲစွာစားသုံးခြင်း၊ အေးသောဥတုနှင့်ကြုံကြိုက်ခြင်း စသည်တို့ကြောင့်ဖြစ်ပြီး ၎င်းရောဂါဖြစ်ပွားသည့်အခါ ကိုယ်ခန္ဓာအပူချိန် မညီမျှခြင်း (ထက်၊ အောက်၊ တစ်ခြမ်းစသည်တို့တွင် ပူခြင်း၊ အေးခြင်း နှစ်မျိုး တွေ့ရတတ်သည်။) လေးလံထိုင်းမှိုင်းခြင်း၊ ချွေးငုပ်ခြင်း၊ နှာရည်၊ မျက်ရည်ယိုခြင်း၊ ဆီးနည်းခြင်း၊ ဆီးပူခြင်း၊ ဝမ်းချုပ်ခြင်းစသည့် လက္ခဏာများ တွေ့ရှိရတတ်ပါသည်။

၎င်းရောဂါဖြစ်ပွားသည့်အခါ ကုသရမည့်နည်းလမ်းများမှာ အအေးမမိစေရန်၊ ရေချိုးမမှားရန်၊ ဆီးဝမ်းအချုပ်မခံရန်၊ အေးသောအစာများကို လွန်ကဲစွာစားသုံးခြင်းမပြုရန် စသည်တို့ကို ကျင့်ကြံဆောင်ရွက်ရမည်ဖြစ်ပြီး ခေါင်းအုံ၊ ခေါင်းကိုက်ရောဂါကို ပြုစုကုသသည့်နည်းတူ ကုသပေးရမည်ဖြစ်ပါသည်။ ထို့ပြင် နံနက်နှင့်နေ့တို့တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇ (သွေးဆေးနီကြီး)ကို ထန်းလျက်ပြုတ်ရည်နှင့် တိုက်ပေးရန်၊ ညနေတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅ (မတဲမြင်းမိုရ်ကုန်းဆေး) လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက တစ်ပဲသားကို ကွမ်းရွက်ပြုတ်ရည်နှင့်တိုက်၍ ညတွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၉ (ဆီးဒူလာဆေး)ကို လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက တစ်ပဲသား ရေအေးနှင့်တိုက်ပေးရန်ဖြစ်သည်။

(၃) မျက်စိကျိန်း၊ မျက်စိနာခြင်း ။ ။ ဖြစ်ရခြင်းအကြောင်းမှာ- အပူမိခြင်း၊ အပူဝင်ခြင်း၊ နေပူ၊ မီးပူခံခြင်း၊ ဝမ်းချုပ်ခြင်း၊ အောက်ပိုင်းခန္ဓာကိုယ်များ အအေးမိခြင်း စသော အကြောင်းတို့ကြောင့် ဖြစ်ပွားတတ်ပါသည်။ ၎င်းရောဂါဝေဒနာ၏ ဖြစ်ဆဲလက္ခဏာများအဖြစ် မျက်စိများကျိန်းခြင်း၊ မျက်သားများနီခြင်း၊ မျက်ရည်များယိုခြင်း၊ မျက်ရိုးများ ကိုက်ခြင်း၊ အလင်းရောင်မကြည့်လိုခြင်း (ကြောက်ခြင်း)၊ အလင်းမဲ့သောနေရာ၌ နေလိုခြင်း စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ မဖြစ်ပွားအောင် ပြုမူနေထိုင်ရန် နည်းလမ်းများမှာ နေပူ၊ မီးပူတို့မှ ရှောင်ကြဉ်ရန်၊ အချိန်မဲ့ ခန္ဓာကိုယ်အောက်ပိုင်း ရေမထိစေရန်နှင့် ဆီး၊ ဝမ်းတို့ကို မှန်စွာပြုပြင်ပေးရန်တို့ ဖြစ်ပါသည်။ ပြုစုကုသနည်းများမှာ မန်ကျည်းခေါက်နှင့် ဆားကိုသွေး၍ နဖူးကိုလိမ်းရန်၊ ဆင်တုံးမနွယ်နှင့် ဆားကိုသွေး၍ဖြစ်စေ၊ ဆီးဖြူသီးနှင့် ဆားကိုသွေး၍ဖြစ်စေ၊ မျက်စိကိုကွင်းရန်၊ ငှက်ပျောဖီးကြမ်းပျော့ပျော့ကိုစားရန်၊ နံနက်တွင် နွားနို့ကို ဆားငန်ငန်ခတ်၍သောက်ရန်၊ ညတွင် မန်ကျည်းဖျော်ရည်ကို ဆားငန်ငန်ခတ်ပြီးသောက်ရန်၊ မျက်နှာသစ်သည့်အခါ ခြေထောက်ကို ရှေးဦးစွာ လောင်းပြီးမှသစ်ရန်၊ မျက်စိစူးပေါက်နနွင်းကို ရေနွေးနှင့်မှိုင်းခံရန် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏကုန်းဆေး)ကို လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက တစ်ပဲသားကိုလည်းကောင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်- ၁၆(အပူငြိမ်းသွေးဆေး)ကို လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက နှစ်ရွေးသားကိုလည်းကောင်း သောက်စေပြီး တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်- ၄၃ (အကင်း ၁၀ပါးဆေး)ကို လိမ်းပေးရန်ဖြစ်ပါသည်။

(၄) ဆီးချုပ်၊ ဆီးပူ၊ ဆီးအောင့်ခြင်း ။ ။ ဖြစ်ရခြင်းအကြောင်းများမှာ-အပူဝင်၊ အပူငုပ်ခြင်း၊ အထိုင်များခြင်း၊ အပူစာ၊ အပူဆေးများကို စားသောက်ခြင်း၊ ဆီး၊ ဝမ်း၊ လေ အချုပ်စာများကိုစားခြင်း စသည်တို့ဖြစ်ပါသည်။ ဖြစ်ဆဲလက္ခဏာများအနေဖြင့် ဆီးဝါခြင်း၊ ဆီးနီခြင်း၊ ဆီးနည်းခြင်း၊ ဆီးပူ၊ ဆီးအောင့်ခြင်း၊ ကိုယ်ခန္ဓာအထက်ပိုင်းများ ကိုက်ခဲခြင်း၊ မျက်စိများဝေခြင်း၊ မျက်လုံးများပူခြင်း၊ အာခံတွင်းများခြောက်ခြင်း၊ နှုတ်ခမ်းများကွဲခြင်း စသည်တို့ကိုတွေ့ရတတ်ပါသည်။ ပြုစုကုသနည်းများမှာ အချိန်ကြာမြင့်စွာ ထိုင်၍ အလုပ်လုပ်ခြင်းနှင့် အပူဆေး၊ အပူစာတို့ကို ရှောင်ရန်၊ နံနက်အိပ်ရာထသည့်အခါ ရေကိုဝအောင်သောက်ရန်၊ ဆန်ဆေးရည်၊ ဆန်ပုန်းရည်တစ်ခုခုကို သကြားအနည်းငယ် ထည့်၍ သောက်ရန်၊ ဆူးလေပန္နငါးပါးကို ပြုတ်၍သောက်ရန်၊ ဆီးဆေးဖြူ (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၁)ကို လူကြီးဖြစ်ပါက နှစ်ပဲသား၊ ကလေးဖြစ်ပါက တစ်ပဲသား၊ နံနက်ပိုင်း နှစ်ကြိမ်၊ ညနေပိုင်း တစ်ကြိမ်၊ တစ်နေ့ သုံးကြိမ် ငါးရက်သောက်ရန် ဖြစ်ပါသည်။

(၅) နှာခေါင်းသွေးလျှံခြင်း ။ ။ ဖြစ်ရခြင်းအကြောင်းမှာ-နေပူ၊ မီးပူခံခြင်း၊ ဝမ်းချုပ်ခြင်း၊ အမျိုးသမီးများသွေးချုပ်ခြင်း၊ အပူစာစားသုံးမိခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း စသော အကြောင်းတို့ကြောင့် ဖြစ်ပွားတတ်ပါသည်။ ဖြစ်ဆဲလက္ခဏာများအနေဖြင့် နှာခေါင်းမှသွေးများလျှံခြင်း၊ ယိုစီးခြင်း၊ မူးဝေခြင်း၊ မေ့လျော့ခြင်း၊ မျက်စိများ မိုက်ခနဲ မိုက်ခနဲဖြစ်တတ်ခြင်း၊ အသားများပြာခြင်းစသည်တို့ကို တွေ့ရှိရတတ်ပါသည်။ ပြုစုကုသနည်းများမှာ နှာခေါင်းမှသွေးများကို စင်ကြယ်အောင်သန့်စင်ကာ သွေးဆေးအေး တစ်မျိုးမျိုးကိုဖြစ်စေ၊ ရေခဲကိုဖြစ်စေ ရှူပေးရန်၊ သပြေ၊ ဩဇာ၊ မာလကာရွက်များကို ပွတ်ခြေ၍ ရှူရန်၊ နံ့သာတစ်မျိုးမျိုးကိုရှူရန်၊ သွေးဆေးအေးအေးကိုတိုက်ရန်၊ သကြားနှင့် သံပရာရည်ချိုချိုကို ဖျော်၍တိုက်ရန်၊ ဝမ်းကိုနုတ်ပေးရန်နှင့် အထူးသဖြင့် အပူငြိမ်းသွေးဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆)ကို ရွှေးကြီးစေ့ခန့် မကြာမကြာတိုက်၍ နှာခေါင်းဝကို သိပ်ပေးရန်တို့ ဖြစ်ပါသည်။

ထို့ပြင် အပူအကြောင်းခံရောဂါများဖြစ်သည့် ချောင်းခြောက်ဆိုးခြင်း၊ သွေးဝမ်းသွားခြင်း၊ ခေါင်းချွေးထွက်၍ မူးမော်ခြင်း၊ ချွေးထွက်လွန်ကဲပြီး ရေငတ်ခြင်း၊ ဇက်ထိုးခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်ခန္ဓာအေးစက်ပြီး ရေငတ်ခြင်း၊ ဝမ်းချုပ်လေနာ၊ ဆီးနီ၊ ဆီးနည်းခြင်းစသည်တို့လည်း ဖြစ်ပွားတတ်ပါသည်။

(၁) ချောင်းခြောက်ဆိုးခြင်း ။ ။ လေပူလွန်ကဲသဖြင့် ချောင်းဆိုးသော်လည်း သလိပ်မရဘဲ ချောင်းခြောက်သာဆိုးခြင်းဖြစ်ပွားသည့်အခါ ရေခဲ၊ ရေခဲရည်၊ ရေခဲဖြင့်ပြုလုပ်သော အစားအစာများကို လုံးဝရှောင်ကြဉ်ရမည်ဖြစ်ပြီး ကြံရည်ကို (ရေခဲမထည့်) အဝသောက်ရန်၊ ဖီးကြမ်းငှက်ပျောသီးမှည့် သို့မဟုတ် မာလကာသီးမှည့်ကို သကြားနှင့် စားပေးရန်တို့ ဖြစ်သည်။

(၂) သွေးဝမ်းသွားခြင်း ။ ။ အပူအစပ်များ အစားများခြင်း၊ ဥတုပူခြင်း၊ နေပူခြင်း၊ မီးပူခံခြင်းတို့ကြောင့် ဖြစ်ပွားတတ်ပြီး ၎င်းဝေဒနာကို သက်သာပျောက်ကင်းအောင် ကုသရမည့်အချက်မှာ ဟင်းလျာအနေဖြင့် ငါးရှဉ့်နှင့် ဆီးဖြူသီးကို (ငရုတ်သီးမပါ) ကြက်သွန်ဖြူ၊ ငရုတ်ကောင်း၊ ကြက်သွန်နီအနှစ်များများဖြင့်ဖြစ်စေ၊ ဘဲသားနှင့် ဝွေးသီးကို (ငရုတ်သီးမပါ) ချင်း၊ ကြက်သွန်ဖြူများဖြင့်ဖြစ်စေ ချက်ကျွေးရမည်။ ထို့ပြင် ဆီးဖျော်ရည်ကို ရေခဲမထည့်ဘဲ တိုက်ပေးရမည်။

(၃) ခေါင်းချွေးထွက်ရှိမှုလွန်ကဲ၍ မူးမော်ခြင်း ။ ။ ရာသီဥတုပူပြင်းမှုကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ချွေးထွက်ရှိမှုမညီမျှဘဲ ခေါင်းတစ်နေရာတည်းမှထွက်၍ ချွေးထွက်ပြီး မူးဝေသည့်ဝေဒနာခံစားရပါက အထူးဂရုပြုရမည့်အချက်မှာ ပရုတ်ဆီ၊ ထင်းရှူးဆီ၊ ယူကလစ်ဆီ၊ ရေမွှေး၊ တေဇောဘမ်းစသည့် ပူ၍မွှေးသောပစ္စည်းများကို မရှူမိစေရန် အရေးကြီးပါသည်။ ဆီးဖျော်ရည်တွင် ရေခဲအနည်းငယ်(အေးရုံသာ)ထည့်၍တိုက်ပြီး သပြေရွက်၊ မာလကာရွက်၊ စံပယ်ပန်း၊ ငွေပန်း စသည်တို့ကိုဖြစ်စေ လွယ်ကူစွာမရရှိနိုင်ပါက သနပ်ခါးစစ်စစ်ကိုသွေး၍ ရှူစေပြီး ၎င်းသနပ်ခါးကိုပင် လိမ်းပေးနိုင်ပါသည်။

(၄) ချွေးထွက်ရှိမှုလွန်ကဲပြီး ရေငတ်ခြင်း ။ ။ အပူဒဏ်လွန်ကဲခြင်း၊ နေပူ၊ မီးပူကို လွန်ကဲစွာခံခြင်း၊ ပူစပ်သောအစာများစားခြင်း၊ လှုပ်ရှားမှုများခြင်း၊ စိတ်ပူပန်ရခြင်းတို့ကြောင့် ဖြစ်ပွားတတ်ပေရာ ၎င်းဝေဒနာအတွက် မန်ကျည်းဖျော်ရည်၊ ဆီးဖျော်ရည် (ချိုချဉ်ငန်) ရေခဲမပါကို တိုက်ပေးရမည်။ ထို့ပြင် နောက်ထပ်ချွေးထွက်ရှိမှု မလွန်ကဲစေရေးအတွက် ယပ်တောင်လေဖြင့် အသင့်အတင့်ခတ်ပေးပြီး ချွေးတိတ်ပါက သနပ်ခါးရည် ကျဲကျဲကို ခပ်ပါးပါးလိမ်းပေးရန် ဖြစ်ပါသည်။

(၅) ဇက်ထိုးခေါင်းကိုက်ရောဂါ ။ ။ ပတ်ဝန်းကျင်၏ အပူဒဏ်ကြောင့်လည်းကောင်း၊ စားသောအစာအာဟာရ အပူအစပ်တို့ကြောင့်လည်းကောင်း ဇက်ထိုးခေါင်းကိုက်ရောဂါ ဖြစ်ပွားတတ်ပေရာ ၎င်းရောဂါအတွက် ထောပတ်ကို စားလည်းစား ရှူလည်းရှူပေးရန်ဖြစ်ပြီး သံပရာရည်ချိုချို (ချဉ်ချဉ် မဖြစ်စေရ၊ ချဉ်ပါက ရောဂါပိုတိုးတက်သည်ကို သတိပြုပါ။) ၎င်းဝေဒနာအတွက် အထူးဂရုပြုရမည့်အချက်မှာ ပရုတ်ဆီရှူခြင်း၊ လိမ်းခြင်း၊ မှိုင်းရှူခြင်း၊ အပူစာ၊ အပူဆေးများ စားခြင်း လုံးဝမပြုလုပ်မိရန်နှင့် ရေခဲရေသောက်ခြင်း၊ ရေခဲအိတ် သို့မဟုတ် ရေခဲစိမ်ထားသော (တစ်နည်း) ရေခဲသေတ္တာထဲတွင် ထည့်ထားသော ချွေးသုတ်ပဝါတို့ကို ခေါင်းပေါ်တင်ခြင်းစသည်တို့ကို လုံးဝရှောင်ကြဉ်ရန်နှင့် ၎င်းဝေဒနာ ခံစားရခြင်းအကြောင်းအရင်းမှာ မိမိခန္ဓာကိုယ်တွင် သွေးတိုးနေခြင်းကြောင့် ဟုတ်/မဟုတ် သွေးပေါင်ချိန်ရန် လိုအပ်ပါသည်။ ယခုအပူလွန်ကဲသည့်အချိန်တွင် သွေးတက်ပါက လေဖြတ်တတ်သည့်အတွက် သွေးတိုးရောဂါ ရှိ မရှိကို ကြိုတင်စစ်ဆေးပြီး ဆေးပညာရှင်များနှင့် အသိပေးတိုင်ပင်လျက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို ဂရုပြုဆောင်ရွက်သင့်ပါသည်။

(၆) ဆီးပူ၊ ဆီးနည်းရောဂါ ။ ။ ၎င်းရောဂါအတွက် ကြံရည်၊ ထန်းရည်၊ အုန်းစိမ်းရည်တို့ကို သကြားချိုချိုနှင့် သောက်ရန်ဖြစ်ပြီး ရေငတ်သည့်အခါတိုင်း ရေအစား ၎င်းအရည်များကိုသာ သောက်ရန်ဖြစ်ပါသည်။ ကျောက်ဖရုံအူများကို သကြားနှင့်စိမ်ထားပြီးနောက် ထွက်ရှိလာသော အရည်များကို ဆီးပူ၊ ဆီးနည်းမှု အတိုင်းအတာပမာဏပေါ်မူတည်၍ သောက်ရန်ဖြစ်ပါသည်။ အထူးရှောင်ကြဉ်ရမည့်အချက်များမှာ ရေခဲ၊ ရေခဲနှင့် ပြုလုပ်သော အာဟာရများ လုံးဝမစားသုံးရန်၊ ရေခဲစိမ်အစားအစာအရည်များ၊ ရေနွေး ရေပူများ၊ ဆေးလိပ်နှင့် အရက်စသည်တို့ လုံးဝမသောက်ရန်၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ ချင်း၊ မဆလာတို့ကို လုံးဝမစားရန်စသည်တို့ဖြစ်ပါသည်။ စားသုံးသင့်သည့် အသီးအနှံများမှာ သခွားသီး၊ သခွားမွှေး၊ ဖရဲသီး၊ သင်္ဘောသီးမှည့်၊ နာနတ်သီးမှည့်(ချိုချို)တို့ဖြစ်ပြီး ပူ၊ စပ်၊ ခါး၊ ငန်၊ ချဉ် အရသာရှိသော အစားအစာများကို လုံးဝရှောင်ကြဉ်ရန်ဖြစ်ပါသည်။

(၇) ဝမ်းချုပ်၊ လေနာ၊ ဆီးနီ၊ ဆီးနည်းရောဂါ ။ ။ ၎င်းရောဂါအတွက် အသင့်တော်ဆုံးဆေးချက်အာဟာရမှာ ကန့်ကလာပြုတ်ရည်ကို ထန်းလျက်ချိုချိုနှင့်တိုက်ခြင်း၊ ဆားခါးတွင် ဇဝက်သာနှင့် ချင်းစိမ်းထည့်၍ တိုက်ခြင်းတို့ဖြစ်သည်။

နွေရာသီကာလအတွင်း ဖြစ်ပွားတတ်သည့်ရောဂါများနှင့် ရာသီဥတု၏ ပူပြင်းမှုကို အကြောင်းခံ၍ ဖြစ်ပေါ်လေ့ရှိသောရောဂါများ စသည်တို့သည် မိမိခန္ဓာကိုယ် အတွင်းအပြင်ရှိ အပူအအေး ညီညွတ်မျှတအောင် ကျင့်ကြံနေထိုင်စားသောက်မှု အားနည်းခြင်းတို့ကြောင့် ဖြစ်ပေါ်ကြရခြင်းဖြစ်ပြီး အစာအာဟာရကိုဖြစ်ပေါ်နေသော ဥတုနှင့်အညီ မဆန့်ကျင်အောင်သာမက မျှတရုံသာ စားရမည်ဖြစ်ကြောင်းကို ကုန်းဘောင်ခေတ် အလောင်းမင်းတရားလက်ထက်က ထင်ရှားခဲ့သော စာဆိုတော် စိန္တကျော်သူဦးဩက ၎င်း၏ဩဝါဒထူးပျို့တွင် **စားခင်မှာတုံ ရသာထွေပြား၊ မြိန်မြတ်ငြားလည်း၊ စားမကြူးရာ၊ ပူ ဆာ စပ် ငန်၊ ချဉ် ဖန် ချို ခါး၊ ထွေထွေစားလည်း၊ သုံးပါးဥတု၊ မျှော်မှန်းရှုလော့** ဟု ရေးသားခဲ့သည်မှာ လူတိုင်းအဖို့ ကျန်းမာရေးဆိုင်ရာ လိုက်နာမှတ်သားဖွယ်ရာဖြစ်ပါသည်။

ရောဂါကုသပြုစုနည်းများတွင် ထည့်သွင်းအသုံးပြုသော တိုင်းရင်းဆေးခန်းသုံးဆေးများနှင့်စပ်လျဉ်း၍ သွေးတိုးနှင့် ကျောက်ကပ်ရောဂါရှိသူများအတွက် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏကုန်းဆေး)နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅(မတဲမြင်းမိုရ်ကုန်းဆေး)တို့ကိုလည်းကောင်း၊ အမျိုးသမီးများ ဓမ္မတာပေါ်ခါနီးနှင့် ပေါ်ဆဲအချိန်တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၆ (အပူငြိမ်းသွေးဆေး)ကိုလည်းကောင်း၊ အမျိုးသမီးများ ကိုယ်ဝန်နုသောအချိန်နှင့် ဓမ္မတာလွန်သောအချိန်တွင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၁၇(သွေးဆေးနီကြီး)ကိုလည်းကောင်း မှီဝဲစားသုံးခြင်း မပြုရန် အလေးဂရုပြုကြရမည် ဖြစ်ပါသည်။

ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရန်ရှောင်ရန်အချက်များ ပြုစုကုသနည်းများကို သိရှိခြင်းကြောင့် ပြည်သူများအနေဖြင့် နိုင်ငံတကာမှ အနောက်တိုင်းဆေးဝါးအချို့၏ ဆင့်ပွားဆိုးကျိုးများ၊ ဆေးတုံ့ပြန်မှုနှင့် ဆေးဝါးတန်ဖိုးများ ကြီးမြင့်မှုမှ ကင်းစင်ပြီး သဘာဝတရားနှင့် ဆီလျော်သင့်တော်သည့် အာနိသင်ထက်မြက်၍ စရိတ်စကတန်ဖိုးသက်သာစေမည့် တိုင်းရင်းဆေးများကို မှီဝဲစားသုံးခြင်းဖြင့်လည်းကောင်း၊ အပူရှိန်ပြင်းထန်သည့်အချိန်တွင် အဆောက်အအုံအတွင်း၌လည်းကောင်း၊ မော်တော်ယာဉ်များ မောင်းနှင်စဉ်ကာလတွင်လည်းကောင်း၊ မိမိခန္ဓာကိုယ်၏ တဒင်္ဂ လိုလားတောင့်တချက်ကို အလေးပေးပြီး ကျန်းမာရေးဆိုင်ရာ ဆင်ခြင်ဂရုပြုရမည့်အချက်တို့ကို လျစ်လျူရှုကာ ဦးခေါင်းပေါ်တွင် ရေအေးစိမ်(ရေခဲစိမ်ထားသော/ရေခဲသေတ္တာတွင်ထည့်ထားသော)ပဝါ၊ အဝတ်ကိုတင်ခြင်း၊ ရေခဲရေသောက်ခြင်း၊ ရေခဲထုတ်စားခြင်း၊ နေပူထဲမှပြန်လာပြီး ရေချိုး၊ ခေါင်းလျှော်ခြင်း၊ လတ်တလောအေးမြခြင်းကို ခံစားနိုင်ရေးအတွက် အပူရှိန်ပြင်းထန်နေသည့် ကြမ်းပြင်တွင် ရေလောင်းခြင်း သို့မဟုတ် ရေစိုအဝတ်ဖြင့်သုတ်ခြင်းတို့ ပြုလုပ်ပြီးမှ အိပ်ခြင်း စသည့် လွဲမှားသော ကျင့်ကြံနေထိုင်မှုတို့ကြောင့် ပါးရွဲ့ခြင်း၊ ရုတ်တရက်လေဖြတ်ခြင်း၊ သတိလစ်ခြင်းမှသည် ဦးနှောက်သွေးကြောပြတ်သည်အထိ အသက်ဆုံးရှုံးမှုများဖြစ်စေခဲ့သည့် ဆိုးကျိုးဖြစ်ရပ်များကို သင်ခန်းစာယူကာ ကျန်းမာရေးဝန်ကြီးဌာနမှ သတိပေးနှိုးဆော်ထားသော လွယ်ကူရှင်းလင်းထိရောက်ပြီး အကျိုးကျေးဇူးများလှသည့် အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

အုပ်စု(က) ပြိုင်ပွဲဝင်အသင်းများ၏ အနေအထား

➤ ရေးသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်တောင်း မေ ၂၀

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုတော့ တောင်အာဖရိကနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမှာဖြစ်ပါတယ်။ (၁၈)ကြိမ် ကျင်းပပြီးစီးခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းမှာ အာဖရိကတိုက်က အိမ်ရှင်အဖြစ် လက်ခံကျင်းပတာဟာ ပထမဆုံးအကြိမ် ဖြစ်တာမို့ ထူးခြားနေပါတယ်။ ဒါ့အပြင် ဝေဖန်ပြစ်တင်မှုတွေ အမျိုးမျိုးကြားထဲက အာဖရိကတိုက်ကို ဦးစားပေးပြီး တောင်အာဖရိက နိုင်ငံကို ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့တဲ့ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာနဲ့ ဖီဖာအဖွဲ့ဝင်တွေကို ချီးကျူးရမှာဖြစ်ပါတယ်။

အုပ်စု(က)မှ ပြင်သစ်အသင်းကလည်း ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ရေး ဤသို့ အသင့်ရှိနေပြီဖြစ်သည်။

အိမ်ရှင် တောင်အာဖရိကအသင်းသားများ ကမ္ဘာ့ဖလားပွဲ၌ အောင်မြင်မှုရနိုင်ပါ့မလား။

ပြိုင်ပွဲဝင်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို နိုင်ငံတကာဘောလုံးအသင်း ၁၉၉ သင်း ခြေစစ်ပွဲဝင်ခဲ့တာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို ၃၂ သင်း တက်ရောက်လာခဲ့ကြပါတယ်။ အဲဒီ ၃၂ သင်းကို လေးသင်းစီပါဝင်တဲ့ အုပ်စုရှစ်အုပ်စုခွဲပြီး ပြိုင်ပွဲဝင်စေမှာဖြစ်တာမို့ အခုဆိုရင် နိုင်ငံကိုယ်စားပြုဘောလုံးအသင်းတွေဟာ ဘောလုံးသမားတွေ ရွေးချယ်မှု၊ ပြင်ဆင်မှု၊ လူစာရင်းပြောင်းလဲမှု၊ အစားထိုးမှုတွေနဲ့မအားလပ်အောင် အလုပ်များနေကြပြီ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းတွေ့ရဲ့ အုပ်စုလိုက် အနေအထားကို လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် -

အုပ်စု(က)

ဒီအုပ်စုမှာ ပါဝင်နေတဲ့ ပြင်သစ်၊ မက္ကဆီကို၊ တောင်အာဖရိကနဲ့ ဥရုဂွေးတို့ရဲ့ စုဖွဲ့နေမှုက ထူးခြားနေပါတယ်။ ပြင်သစ်နဲ့ ဥရုဂွေးတို့က ကမ္ဘာ့ဖလားရရှိခဲ့ဖူးသလို မက္ကဆီကိုကလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးတဲ့ နိုင်ငံဖြစ်ပါတယ်။ ဥရုဂွေးဟာ ပထမဆုံးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်ဖြစ်သလို ပြင်သစ်နဲ့မက္ကဆီကိုတို့ကလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ အဲဒီသုံးသင်းနဲ့အတူ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ဖို့တောင် ကြိုးစားနေရတဲ့အဆင့်ရှိပြီး မျက်နှာသစ် အိမ်ရှင် တောင်အာဖရိက ပါဝင်နေတာက စိတ်ဝင်စားစရာ တိုက်ဆိုင်မှုဖြစ်ရပ်ပါပဲ။

စိတ်ဝင်စားစရာ

အုပ်စု(က)မှာ ပါဝင်တဲ့အသင်းလေးသင်းဟာ ဒီနှစ်ကမ္ဘာ့ဖလားပွဲမှာ ဗိုလ်စွဲမယ်လို့ရေပန်းစားနေတဲ့အသင်းတွေထဲမှာတော့ မပါဝင်ပါဘူး၊ ရေပန်းစားနေတဲ့ အသင်းတွေကတော့ ဘရာဇီး၊ အီတလီ၊ စပိန်နဲ့ ဂျာမနီတို့ဖြစ်ပါတယ်။ ဒါပေမယ့် ပြိုင်ဘက်တွေကို မထင်မှတ်ဘဲ ကျော်ဖြတ်နိုင်တဲ့အသင်းတွေအဖြစ် အာဂျင်တီးနား၊ ပြင်သစ်နဲ့ ပေါ်တူဂီတို့ နာမည်ကြီးနေတာမို့ ပြင်သစ်ပါဝင်နေတဲ့အုပ်စု(က)ဟာ စိတ်ဝင်စားစရာ ကောင်းနေပြန်ပါတယ်။

တောင်အာဖရိကအသင်း

တောင်အာဖရိကအသင်းဟာ အိမ်ရှင်ဖြစ်ပေမယ့် အာဖရိကတိုက်မှာတောင် ခြေအဆင့် တန်းဝင်တဲ့ အနေအထားမရှိပါဘူး။ လက်ရှိအချိန်မှာတော့ ဖီဖာက သတ်မှတ်ထားတဲ့ ကမ္ဘာ့အဆင့် ၈၆ ဖြစ်ပြီး အမြင့်ဆုံးအောင်မြင်မှုကတော့ ၁၉၉၈ ခုနှစ်နဲ့ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေမှာ ပထမအဆင့် အုပ်စုပတ်လည်ပွဲတွေအထိ ဆင်နွှဲခဲ့တဲ့ မှတ်တမ်းရှိခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ အာဖရိကဖလား နောက်ဆုံး ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပေမယ့် ဖလားတော့ မရရှိခဲ့ပါဘူး။ တောင်အာဖရိက အသင်းကိုနည်းပြအဖြစ် တာဝန်ယူပြီး ကိုင်တွယ်မှာကတော့ ဘရာဇီးနိုင်ငံသား ကာလို့စ် အယ်လ်ဘာတိုပရဲယားဖြစ်ပါတယ်။ ဘရာဇီးအသင်းကို ကမ္ဘာ့ဖလားရအောင် စွမ်းဆောင် ပေးနိုင်တဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။ တောင်အာဖရိကအသင်း ဂုဏ်သိက္ခာမြင့်မားအောင် စွမ်းဆောင်ပေးမယ်လို့ ဆိုနေပါတယ်။

တောင်အာဖရိကအသင်းရဲ့ အဓိက ကစားသမားတွေကတော့ ဂျာမန်ကလပ် ဘီလီဖီးမှာကစားနေတဲ့ ဂိုးသမား ဖာနန်ဒက်စ်၊ ပို့စ်မောက်မှာ ကစားနေတဲ့ နောက်ခံလူ မိုကိုနာ၊ ဖူလ်ဟမ်မှာ ကစားနေတဲ့ ကွင်းလယ်ကစားသမား ဒက်ဂါကွိုင်၊ ဝက်စ်ဟမ်းမှာ ကစားနေတဲ့ တိုက်စစ်မှူးမက္ကာသီတို့ပဲဖြစ်ပါတယ်။ အခုဆိုရင် နည်းပြပရဲယားက လေ့ကျင့်ပြင်ဆင်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။

မက္ကဆီကို

မက္ကဆီကိုအသင်းဟာ ကျင်းပပြီးစီးခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းမှာ အခုအကြိမ်ဟာ (၁၄)ကြိမ်မြောက် ပါဝင်ဆင်နွှဲနိုင်ခြင်းဖြစ်ပါတယ်။ အုပ်စု(က)မှာ ပါဝင်တဲ့ မက္ကဆီကိုအသင်းကို နည်းပြအဖြစ် ဂျာဗီရာအက်ဂွီရီက တာဝန်ယူဆောင်ရွက်မှာဖြစ်ပြီး အသင်းခေါင်းဆောင်ကိုတော့ ရာဖေးလ်မားကွက်ဇ် တာဝန်ယူဖို့ ရွေးချယ်ထားပါတယ်။ မက္ကဆီကိုအသင်းဟာ လက်ရှိအချိန်မှာ ဖီဖာရဲ့ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၅ မှာရှိနေပြီး အမြင့်ဆုံးအောင်မြင်မှုတွေကတော့ ၁၉၇၀ ပြည့်နှစ်နဲ့ ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားတွေမှာ ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့တဲ့ မှတ်တမ်းရှိခဲ့ပါတယ်။

မက္ကဆီကိုအသင်းကို အရင်ကနည်းပြအဖြစ် အဲရစ်ဆင်ကိုင်တွယ်ခဲ့တာဖြစ်ပြီး သူနုတ်ထွက်သွားလို့ အက်ဂွီရီကို ဆက်လက်တာဝန်ပေးအပ်ခဲ့တာဖြစ်ပါတယ်။ မက္ကဆီကို အသင်းခေါင်းဆောင်ဖြစ်တဲ့ ဘာစီလိုနာခံစစ်မှူး မားကွက်ဇ်ဟာ အသင်းသားတွေ စည်းလုံး ညီညွတ်မှုရရှိအောင် ဆောင်ရွက်နိုင်သူဖြစ်ပြီး ခြေစွမ်းလည်းပြနိုင်သူဖြစ်ပါတယ်။ ဒါ့အပြင် မက္ကဆီကိုအသင်းမှာ ဒီပို့တီဗိုက ကွင်းလယ်ကစားသမား ဂွါဒါဒို၊ အာဆင်နယ် တိုက်စစ်မှူး ကားလို့စ်ဗီလာ၊ ဝက်စ်ဟမ်းတိုက်စစ်မှူး ဂူလာမိုဖရန်ကိုတို့လည်း ပါဝင်တာမို့ လျှော့တွက်လို့ မရတဲ့အသင်းတွေထဲမှာ မက္ကဆီကိုလည်း ပါဝင်ပါတယ်။

ဥရုဂွေးအသင်း

အုပ်စု(က)ရဲ့ ဥရုဂွေးအသင်းကတော့ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် ပထမဆုံး လက်ခံကျင်းပနိုင်ခဲ့သလို ကမ္ဘာ့ဖလားကို နှစ်ကြိမ် ရယူနိုင်ခဲ့တဲ့ သမိုင်းအစဉ်အလာရှိတဲ့ အသင်း ဖြစ်ပါတယ်။ ဖီဖာရဲ့ကမ္ဘာ့အဆင့် သတ်မှတ်ချက် ၁၉ မှာ ရှိနေပြီး ၁၉၃၀ ပြည့်နှစ်နဲ့ ၁၉၅၀ ပြည့်နှစ်တို့မှာ ကမ္ဘာ့ဖလားကိုဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဥရုဂွေးအသင်း နည်းပြအဖြစ် အော်စကာတာဘာရက်ဇ်က တာဝန်ယူမှာဖြစ်ပြီး အသင်းခေါင်းဆောင်ကတော့ ဒီဂိုဖော်လန်ပဲဖြစ်ပါတယ်။ ဥရုဂွေးအသင်းဟာ ခြေစစ်ပွဲကာလတစ်လျှောက် ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်တွေနဲ့ ခြေစစ်ပွဲအောင်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိ ဥရုဂွေးအသင်းမှာတော့ အဓိကစောင့်ကြည့်ရမယ့် ကစားသမားက အက်သလက်တီကို မက်ဒရစ်တိုက်စစ်မှူး ဒီဂိုဖော်လန်ပဲ ဖြစ်ပါတယ်။ လာလီဂါမှာတော့ ဂိုးအများဆုံး သွင်းနိုင်တဲ့ တိုက်စစ်မှူးအဖြစ် အသိအမှတ်ပြုခြင်း ခံထားရတဲ့ ကစားသမားဖြစ်ပါတယ်။ ဥရုဂွေးအသင်းရဲ့ ရည်မှန်းချက်ကတော့ နှစ်ပေါင်း ၅၀ ကျော် ဝေးကွာခဲ့ရတဲ့ ကမ္ဘာ့ဖလားကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ကိုင်မြှောက်ခွင့်ရရေးပဲ ဖြစ်ပါတယ်။

ပြင်သစ်အသင်း

အုပ်စု(က)ရဲ့ နာမည်အကြီးဆုံးအသင်းဖြစ်ပြီး ပြိုင်ဘက်တိုင်း အလေးထားရမယ့် အသင်းကတော့ ပြင်သစ်အသင်းပဲ ဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ ဖီဖာရဲ့ကမ္ဘာ့အဆင့် သတ်မှတ်ချက် (၇)နေရာမှာရှိနေပြီး ၁၉၉၈ ခုနှစ်က ကမ္ဘာ့ဖလားရရှိထားတဲ့ အသင်း လည်း ဖြစ်ပါတယ်။ ပြင်သစ်အသင်းရဲ့ နည်းပြကတော့ ရေမွန်ဒိုမင်နစ်ဖြစ်ပြီး ပြင်သစ် အသင်းကို အခုလို နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်အောင် ကြိုးစားပေးထား သူလည်း ဖြစ်ပါတယ်။ ပြင်သစ်အသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် နာမည်ကြီး ဖရန့်ရစ်ဘာရီကို တာဝန်ပေးထားပြီး လက်ရှိအချိန်မှာ လေ့ကျင့်မှုတွေအပြင်းအထန် ပြုလုပ်နေပြီ ဖြစ်ပါတယ်။

ပြင်သစ်အသင်းမှာတော့ မန်ယူမှာ ကစားနေတဲ့ နောက်ခံလူ အီဗရာ၊ အာဆင်နယ် ခံစစ်မှူး ဂါးလက်စ်၊ ရီရဲမက်ဒရစ်မှာ ကစားနေတဲ့ ဒီယာရာ၊ ဘေယန်မြူးနစ်မှာ ကစားနေတဲ့ တောင်ပံတိုက်စစ်မှူးရစ်ဘာရီ၊ ချယ်လ်ဆီးမှာကစားနေတဲ့ တိုက်စစ်မှူး အနယ်လ်ကာ၊ ဘာစီလိုနာမှာကစားနေတဲ့ တိုက်စစ်မှူးအွန်နရီတို့က ဦးဆောင်ပြီး ပြင်သစ်အသင်း ကမ္ဘာ့ဖလားဒုတိယအကြိမ် ဆွတ်ခူးနိုင်ဖို့ ပုံဖော်ကစားကြမှာ ဖြစ်ပါတယ်။ ။

(အင်တာနက်)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေခက်ခဲသည့်ကျေးရွာများ ရေများအခမဲ့ဖြန့်ဝေ

မြဝတီ မေ ၂၀

မြဝတီမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ နွေရာသီသောက်သုံးရေခက်ခဲနေသည့် ရေပူစမ်းကျေးရွာသို့ ရေသယ်ယာဉ်များဖြင့် အခမဲ့ဖြန့်ဝေခြင်းကို မေ ၁၃ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်ယာဉ်နှစ်စီး၊ပုဂ္ဂလိကရေသယ်ယာဉ်ခြောက်စီး စုစုပေါင်း ၁၀ စီးဖြင့် သောက်သုံးရေများ အခမဲ့ ဖြန့်ဝေပေးနေသည်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်ခဲ့ကြသည်။**(အောက်ပုံ)**

မြဝတီမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ရန်ပုံငွေဖြင့် တူးဖော်ပေးခဲ့သော လေးလက်မ စက်ရေတွင်း ဂါလန် ၂၄၀၀ဆံ့ ရေကန်များ၊ ကျေးလက်တွင် ၁၄ တွင်း၊ မြို့ပေါ်၊ ရပ်ကွက်တွင် ၁၇တွင်း စုစုပေါင်း ၃၁ တွင်းနှင့် အိမ်တိုင်ရာရောက် စိမ့်စမ်းရေးသွယ် သုံးခု၊ စက်ရေတွင်းများအားလုံး ရေများအဆင်ပြေစွာ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ရေပူစမ်းကျေးရွာတွင်လည်း လေးလက်မစက်ရေတွင်း အမြန်ဆုံးတူးဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၀၁)

သံတွဲ၌ သောက်သုံးရေများဖြန့်ဝေ၊ သန့်ရှင်းသောရေရရှိရေး အသိပညာပေး

သံတွဲ မေ ၂၀

သံတွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပူပြင်းသည့် ရာသီဥတုအခြေအနေကြောင့် မြို့ပေါ်ရပ်ကွက်များ သောက်သုံးရေ အခက်အခဲမရှိစေရန် အဖွဲ့ပိုင်ရေသယ်ယာဉ်ဖြင့် နေ့စဉ်ဖြန့်ဝေလျက်ရှိရာ မေ ၁၃ ရက်က ရပ်ကွက် (၄)၊ (၅)နှင့် ရပ်ကွက်(၇)တို့တွင် ရေဖြန့်ဝေပေးမှုအခြေအနေကို သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်၊ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြရာ ဖြန့်ဝေသောရေများ သန့်ရှင်းစွာအသုံးပြုတတ်စေရန်နှင့် ရေကြောင့်ဖြစ်သော ဝမ်းလျှော၊ ဝမ်းပျက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း ပူးပေါင်းဆောင်ရွက်ကြသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၃၉လမ်းနှင့် လမ်း ၄၀ကြား၊ အမှတ် (၂၅၅)၊ (၅လွှာ/ဘီ)တွင် ပါတီရုံးချုပ်တည်ရှိသော ခေတ်သစ်ပြည်သူ့ပါတီ(Modern People Party)က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၅-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ခေတ်သစ်ပြည်သူ့ပါတီ
(Modern People Party) ၏ အလံပုံစံ



ခေတ်သစ်ပြည်သူ့ပါတီ
(Modern People Party) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၂၃(ဘီ/၃)တွင် ပါတီရုံးချုပ်တည်ရှိသော ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democratic Party) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၅-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုဒီမိုကရေစီပါတီ
(Union Democratic Party) ၏ အလံပုံစံ



ပြည်ထောင်စုဒီမိုကရေစီပါတီ
(Union Democratic Party) ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရွှေပြည်သာမြို့နယ် မြိုင်သီလရှင်စာသင်တိုက်သို့ ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် (၅/၇)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြိုင်သီလရှင်စာသင်တိုက်သို့ ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် အဆိုပါစာသင်တိုက်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ယင်းလှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်စိုးဝတ်ရည်နှင့် အဖွဲ့ဝင်များက မြိုင်သီလရှင်စာသင်တိုက်အတွက် ဆွမ်းဆန် သုံးအိတ်၊ ကုလားပဲ ၁၀ပိဿာ၊ မြေပဲဆီ ၁၀ပိဿာ၊ ကြက်သွန်နီ တစ်အိတ်၊ အာလူး တစ်အိတ်၊ ဗလာစာအုပ် ၂၅ဒါဇင်၊ ရေသန့်ဘူးများနှင့် အလှူငွေကျပ် ၈၄၀၀၀တို့ကို မြိုင်သီလရှင်စာသင်တိုက် ဦးစီးနာယက ဒေါ်သုနန္ဒာ (မွှာစရိယ)ထံ ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ကျောက်တန်းမြို့နယ်တွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဘန့်ဘွေးကုန်းဆည်မှ ရေဖြန့်ဝေပေး

ရန်ကုန် မေ ၂၀

ကျောက်တန်းမြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ဘန့်ဘွေးကုန်းဆည်မှ ရေဖြန့်ဝေပေးခြင်း လုပ်ငန်းကို မေ ၁၀ရက်က စတင်၍ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ရေဖြန့်ဝေပေးခြင်းလုပ်ငန်းကို ဂါလန် ၃၂၀၀ဆံ့ ရေသယ်ယာဉ် တစ်စီး၊ ဂါလန် ၁၂၀၀ဆံ့ တစ်စီး၊ ဂါလန် ၈၀၀ဆံ့ သုံးစီး စုစုပေါင်း ရေသယ်ယာဉ် ငါးစီးတို့ဖြင့် နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ကျောက်တန်းမြို့ ချမ်းမြေ့သာယာရပ်ကွက်၊ ဆင်ကန်ရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်၊ အနောက်ပိုင်းရပ်ကွက်၊ ရွှေကုန်းရပ်ကွက်တို့၌ ရေဂါလန်ပေါင်း ၄၆၈၀၀ ဖြန့်ဝေပေးလျက်ရှိသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

မြစ်ဝကျွန်းပေါ်ဒေသများ၌ ထစ်ချုန်းမည့်အခြေအနေ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၀

__**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**__ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံမြို့တွင် ၆ဒသမ ၀၂လက်မ၊ ပေါင်မြို့တွင် ၂ဒသမ ၅၆လက်မ၊ နေပြည်တော် ပျဉ်းမနားတွင် ၂ဒသမ ၃၂လက်မ၊ သံတောင်ကြီးမြို့တွင် ၁ဒသမ ၆၅လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ၁ဒသမ ၁၈လက်မ၊ နေပြည်တော် (သပြေကုန်း)တွင် ၁ဒသမ ၀၂လက်မတို့ဖြစ်ကြသည်။

__**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**__ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း လိုင်လာ(Laila) သည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ (Kolkata)၏ အနောက်တောင်ဘက် မိုင် ၆၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ မုန်တိုင်း၏ အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ခန့်ရှိပြီး နောက် ၁၂နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ဖြတ်ကျော်လျက် ကုန်းတွင်းမုန်တိုင်းအဖြစ်တည်ရှိကာ အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

__**မေ ၂၁ရက် ညနေအထိခန့်မှန်းချက်မှာ**__ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

__**မြန်မာ့ပင်လယ်ပြင်တွင်**__ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

__**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**__ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်လာနိုင်သည်။

__**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်**__ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

__**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်**__ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

__**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်**__ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

လူကုန်ကူးခံရသူ အမျိုးသမီး သုံးဦးအား အချိန်မီကယ်တင်နိုင် လူကုန်ကူးမှုနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများတွင် မိဘအုပ်ထိန်းသူများ ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လူကုန်ကူးမှုကာကွယ်တိုက်ဖျက်ရေး အထူးအဖွဲ့သည် မေ ၁၃ရက် မွန်းလွဲ ၃နာရီခန့်က တာချီလိတ်မြို့ ဟောင်လိတ်လမ်းဆုံအနီး၌ ကျိုင်းတုံမြို့နေ ဒေါ်အေးရင် (ခ)ပါအိုက်နှင့် ဒေါ်နန်းဆိုင်တို့နှစ်ဦးနှင့် အမျိုးသမီးငယ်သုံးဦးတို့ကို တွေ့ရှိသဖြင့် လူကုန်ကူးမှုကာကွယ်တိုက်ဖျက်ရေး အထူးအဖွဲ့ရုံးသို့ခေါ်ဆောင်၍ စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးချက်အရ ဒေါ်အေးရင်(ခ) ပါအိုက်က အသက်(၁၉)နှစ်အရွယ် အမျိုးသမီးငယ် နှစ်ဦးနှင့် အသက် (၂၀)အရွယ် အမျိုးသမီးငယ်တစ်ဦးတို့အား တစ်ဖက်နိုင်ငံတွင် အလုပ်မပင်ပန်းဘဲ ငွေများများရမည်ဟု ပြောဆိုစည်းရုံး၍ ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အမျိုးသမီးငယ်သုံးဦးအား တစ်ဖက်နိုင်ငံရှိ အိုက်ကိန်ဆိုသူထံ ပို့ဆောင်ပါက ၎င်းအနေဖြင့် တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၅၀၀၀စီ ရရှိမည်ဖြစ်ကြောင်း၊ ဒေါ်နန်းဆိုင်အား အဖော်အဖြစ်ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိခဲ့ရသည်။

အမှုဖွင့်အရေးယူ

သို့ဖြစ်၍ ဒေါ်အေးရင်(ခ)ပါအိုက်နှင့် ဒေါ်နန်းဆိုင်တို့အား တာချီလိတ်ရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးငယ်သုံးဦးအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပြီးဖြစ်ကြောင်း အမျိုးသမီးငယ်များအနေဖြင့် တစ်ဖက်နိုင်ငံတွင် မည်သည့်အလုပ် လုပ်ရမည်ကို သေသေချာချာမသိရှိဘဲ အလုပ်မပင်ပန်းဘဲ ငွေများများရမည်ဟု သူစိမ်းတစ်ဦး၏ ပြောဆိုစည်းရုံးမှုကို အလွယ်တကူယုံကြည်ပြီး ယခုကဲ့သို့ လိုက်ပါခဲ့ခြင်းမှာ လူကုန်ကူးမှုနှင့်ပတ်သက်၍ ဗဟုသုတ ခေါင်းပါး၍သာဖြစ်ကြောင်း၊ ပြည်သူလူထုအတွင်း အသိပညာပေးဆွေးနွေးမှုများကို တာဝန်ရှိသူများအပြင် မိဘအုပ်ထိန်းသူများကလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်သည်ဟု သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကွယ်လွန်ခါနီးလူနာများ ပွင့်လင်းစွာ ဆွေးနွေးသင့်

ကောင်းမြတ်သူ - ရေးသားသည်

လန်ဒန် မေ ၂၀

ကွယ်လွန်ခါနီးလူနာများ၏နောက်ဆုံး ကုသချက်များနှင့် ပတ်သက်ပြီး လူနာအနေဖြင့်လည်းကောင်း၊ လူနာရှင်များအနေဖြင့်လည်းကောင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုများ ပြုလုပ်သင့်ကြောင်း ဆရာဝန်များက တိုက်တွန်းထားသည်။

လူနာ၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်ပြီး ဆောလျင်စွာဆွေးနွေးခြင်းဖြင့် နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခဖြစ်ပွားခြင်းတို့မှ ရှောင်ရှားနိုင်လိမ့်မည်ဖြစ်ကြောင်း ဗဟိုဆေးကောင်စီက ပြောကြားသည်။

ကုသမှုများရရှိ

လူနာ၏ နောက်ဆုံးအခြေအနေကို ဆွေးနွေးခြင်းဖြင့် မှန်ကန်သောကုသမှုများရရှိမည်ဖြစ်၍ လူနာကျန်းမာရေးတိုးတက်မှုကိုလည်း ရရှိစေလိမ့်မည်ဖြစ်ကြောင်း အဆိုပါဆေးကောင်စီက သတိပေးထားသည်။ *(အင်တာနက်)*

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ညောင်ဦးမြို့၊ အမှတ်(၄)နယ်မြေ၊ သီရိပစ္စယာရပ်နေ
ဦးခင်မောင်ညွန့် (ပြည်တွင်းကုန်တင်/ချ-ငြိမ်း)-ဒေါ်ကြည်
(ကုန်သွယ်လယ်ယာ-ငြိမ်း) တို့၏သား

ဗိုလ်မှူးဇော်မိုးထိုက်

B.Sc, D.S.A, M.Sc (Maths)

နှင့်

မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ လက်ပံလှမြို့သစ်နေ
ဒေါက်တာဉာဏ်မျိုးဦး-ဒေါ်ဝင်းမာ(အလပြ-ငြိမ်း) တို့၏သမီး

မဒါလီမျိုးဦး

B.C.Sc (Hons:), M.C.Sc

နည်းပြ၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး)

တို့၏ ၈-၅-၂၀၁၀ရက် (စနေနေ့) မန္တလေးမြို့ Oriental House မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှိ့ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့်ဇနီးဒေါက်တာခင်သီတာတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဇနီးဒေါ်ဝင်းဝင်းမော်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်ပေးခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့်ဇနီး ဒေါ်မိုးသီတာတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ငွေစိုးနှင့်ဇနီး ဒေါ်ခင်ချိုချိုမြင့်၊ ဗိုလ်မှူးချုပ်လှဝင်းနှင့်ဇနီး ဒေါ်သန်းသန်းလင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော တူမငယ် မဝေဖူးနွယ်နှင့် မနှင်းပွင့်ဖြူ၊ သတို့သားအရံဗိုလ်ကြီးကျော်သူဝင်း၊ ညီငယ် ဗိုလ်သိန်းထွဋ်အောင်၊ သတို့သမီးအရံ မမေမြတ်နိုး၊ မအိအိဖြိုး၊ ပဝါဇန်းကိုင်ဆောင်ပေးသော မနွေးယုအောင်၊ မင်္ဂလာလက်စွပ်ဇန်းကိုင်ဆောင်ပေးသော မသန္တာအိမ့်၊ မင်္ဂလာပန်းကုံးဇန်းကိုင်ဆောင်ပေးသော မနန္ဒာအောင်၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော မိုးကုတ်ရတနာရွှေဆိုင်နှင့် ငွေထီးသုံးလက်ရတနာဆိုင်၊ မိတ်ကပ် ဆိုနီ၊ ဓာတ်ပုံနှင့်ဗီဒီယို တက်နေဝင်း၊ မန္တလေးမြို့စည်ပင်သာယာ တီးဝိုင်းအဖွဲ့နှင့် ၁၀-၅-၂၀၁၀ရက် (တနင်္လာနေ့) မဟာစည်သာသနာ့ရိပ်သာ(လက်ပံလှ)တွင် ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးနှင့်ညှိ့ခံပွဲအခမ်းအနား၊ ၁၅-၅-၂၀၁၀ရက် (စနေနေ့) ညောင်ဦးသံတဲဟိုတယ်တွင် ပြုလုပ်သော မင်္ဂလာညှိ့ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသည့် စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးဇော်မိုးထိုက်-မဒါလီမျိုးဦး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲပြပွဲဗဟိုကော်မတီ

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၇၂ခုနှစ် နယုန်လဆန်း ၂ရက်
(၂၀၁၀ခုနှစ် မေလ ၁၄ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီသည် ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာ၌ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင်လအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင်ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင်ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၁၀ခုနှစ် မေလ ၃ရက်မှ ဇွန်လ ၄ရက်အတွင်း စစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲနေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်မြို့)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင်အခြေပြုသည့် ကျောက်စိမ်း/ ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **အထူးရောင်းချပွဲပြပွဲဗဟိုကော်မတီ။**

အမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(1) **Architect** **M/F(2)Post**
- B.Arch.
- အသက်(၂၅-၃၅)နှစ်အတွင်း၊ လုံးချင်းနှင့် အထပ်မြင့် Design ရေးဆွဲနိုင်သူ၊ အတွေ့အကြုံ(၃)နှစ်ရှိသူ။

(2) **Auto CAD Designer** **M/F(3)Post**
- B.E (Civil),B.Tech(Civil).
- အသက်(၂၅-၃၅)နှစ်အတွင်း၊ လုံးချင်းနှင့် အထပ်မြင့် Design ရေးဆွဲနိုင်သူ၊ အတွေ့အကြုံ(၂)နှစ်ရှိသူ။

(3) **Designer** **M/F(2)Post**
- Any Graduate
- အသက်(၂၅-၃၅)နှစ်အတွင်းAuto CAD ဆွဲနိုင်သူ 3D Rendering ပြုလုပ်နိုင်သူ။

လျှောက်ထားသူသည် မကြာမီက ရိုက်ထားသော ဓာတ်ပုံသုံးပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အခြားအထောက်အထားစာရွက်များ၊ နေရပ်လိပ်စာ အပြည့်အစုံရေး၍ ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

44A(1) ၊ကျိုက်တော်အိမ်ရာ
ကုန်သွယ်မှုဗဟိုဌာန အနောက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်
ဖုန်း-၀၁-၃၉၇၃၀၁၊ ၃၉၇၃၀၂၊ ၂၀၁၄၇၈၊၂၉၈၃၄၁။

ဖခင် အမည်မှန်

မြောက်ဥက္ကလာပမြို့နယ် အလက(၅) ဆဋ္ဌမတန်း(B)မှ မသီတာဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် ၉/မနမ(နိုင်)၀၂၄၆၅၇ ဖြစ်ပါကြောင်း။ **ဦးသန်းအောင်။**

အမည်ပြောင်း

အဖ ဦးလှဦး၏ သမီး မြောက်ဥက္ကလာပမြို့နယ် အလက(၄) ပဉ္စမတန်း(A)မှ မဥမ္မာချမ်းမြေ့အား မစန္ဒီဦးဟု ပြောင်းလဲခေါ်ပါရန်။

မစန္ဒီဦး။

အမည်ပြောင်း

အဖ ဦးကျော်စိုးမင်း ၁၂/စခန(နိုင်) ၀၅၉၉၇၈၏သား အမက(၁) ဗဟန်း၊ ဒုတိယတန်းမှ မောင်ပြည့်ဖြိုးမင်းအား မောင်စစ်နိုင်မင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်စစ်နိုင်မင်း။

အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် မောင်ဝေလင်း ၁၂/လမန(နိုင်)၁၃၉၅၈၁နှင့် မမာလာမေစိုး ၁၂/လမန(နိုင်) ၁၁၄၀၉၀တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်သဖြင့် အင်းစိန်မြို့နယ်တရားရုံး၌ ၂၀-၅-၂၀၁၀ရက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကိုဝေလင်း
၁၂/လမန(နိုင်)၁၃၉၅၈၁။

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စာရေးကိရိယာနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ရဲကျော်စွာခန်းမ၌ မေ ၁၆ ရက်ကကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်ခိုင်ဦးနှင့် ဇနီး ဒေါ်ဝင်းနီလာမော်တို့ တက်ရောက်၍ တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်စဉ်။ (ခရိုင်ရဲတပ်ဖွဲ့)

ရန်ကုန်ဂေါက်အသင်း (တည်းကုန်း)၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၂၀

ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၌ ဦးကြီးဟင်(အဏ္ဏဝါရေလုပ်ငန်း)သည် မေ ၁၉ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က ကစားဖော်များဖြစ်ကြသော ဦးကျော်ခင်(ကေကေ)၊ ဦးအောင်ကြည်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂေါက်အဖွဲ့ချုပ်)၊ ဦးဝင်းမြင့်သိန်း၊ ဦးမြင့်စိုး(မြိတ်နှင့်) ဒေါက်တာမြင့်စိုး(မြိတ်)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၁)၊ ၁၆၂ ကိုက်အကွာ၌ Srixon No(3) ဘောလုံးကို Callaway Legaey Iron(8) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွှေကူသဘော်အင်းကျေးရွာ အားမာန်စာကြည့်တိုက်ဖွင့်

ရွှေကူ မေ ၂၀

ရွှေကူမြို့နယ် သဘော်အင်းကျေးရွာအုပ်စု သဘော်အင်းကျေးရွာ အားမာန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မေ ၅ရက် နံနက် ၁၀နာရီခွဲက ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးညွန့်ရွှေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးမောင်မောင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးကျော်စိုးနိုင်နှင့် မြို့နယ်အတွင်းရေးမှူး ဦးဆန်းဦးတို့က ကျေးရွာပြည်သူများနှင့်အတူ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၁၇၉)**

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကမ်းနားလမ်းတွင် ချိုင့်များ၊ အပေါက်များမရှိစေရန် မေ ၇ရက်က ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမျိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသင်းအောင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်း စည်ပင်သာယာ ပန်းအလှပင်များ စိုက်ပျိုး

မိုးညှင်း မေ ၂၀

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြသန့်ရှင်းသာယာရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မေ ၁၁ရက်က မြို့ဝင်၊ မြို့ထွက်ဆိုင်းဘုတ်ဝန်းကျင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်း၊ မြို့ဝင်ဆိုင်းဘုတ်များ ဆေးအသစ်ထပ်သုတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ကြီးကြပ်ဆောင်ရွက်သည်။

(မြို့နယ်စည်ပင်)

ညောင်ဦး ဘူးကင်းတောင်အနီး စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

ညောင်ဦး မေ ၂၀

ညောင်ဦးခရိုင်တွင် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့ပူးပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၁၇ရက် နံနက်က မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် တူရွင်းတောင် အဆိုပြုကြိုးပြင်ကာကွယ်တော ဘူးကင်းတောင်အနီးရှိ သစ်တောစိုက်ခင်း၌ ကျင်းပရာ အခမ်းအနားသို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ဌာနေကိုယ်စားလှယ် Miss. KIM-Jimhwa နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်သည့် Royal Tree Service Company မှ အုပ်ချုပ်မှု ဒါရိုက်တာနှင့် ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အခမ်းအနားတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ဌာနေကိုယ်စားလှယ်က စီမံကိန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူး၊ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ဒေသနှင့် သင့်လျော်သော သစ်ပင်များ စိုက်ပျိုးကြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများသည် စက်ရေတွင်းမှ ဘူးကင်းတောင်ပေါ်ရှိ ရေလှောင်ကန်သို့ ရေတင်ပို့၍ သစ်တောစိုက်ခင်းကို ရေဖျန်းပိုက်များဖြင့် ရေလောင်း ပြုစုပျိုးထောင်မည့် လုပ်ငန်းကို လေ့လာကြည့်ရှုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဌာနေကိုယ်စားလှယ်သည် နတ်ပလင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာများနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

အရာတော်၌ ငွေချေး (၆) ဝါစီမံကိန်း တာဝန်ပေးအပ်

အရာတော် မေ ၁၂

အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၁၀-၂၀၁၁ခုနှစ် ငွေချေး(၆) ဝါစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၀ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မြေစာရင်းမှူး ဦးစီးအရာရှိ ဦးဟန်ဝင်းအောင်က လှော်ထား ကေပြည့်မီစွာ စိုက်ပျိုးရေး၊ မြန်မာ့စိုက်ပျိုးရေး မန်နေဂျာ ဦးစိန်မြင့်က စိုက်ပျိုး နည်းစနစ်များ မှန်ကန်စွာ အသုံးချရေး၊ မြန်မာ့ဝါလုပ်ငန်း မန်နေဂျာ ဦးဝင်းကိုက ဝါစီမံကိန်း တာဝန် ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

တာဝန်ပေးအပ်

ထို့နောက် စီမံကိန်း တာဝန်များကို သက်ဆိုင်ရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌများအား တာဝန်ရှိသူများက အသီးသီး တာဝန်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျောက်မဲမြို့နယ် နားခေါ်ကျေးရွာအုပ်စု ဗူးခါးကျေးရွာစက်ရေတွင်းမှ ကျေးရွာအတွင်းရှိ ပြည်သူများ ရေသုံးစွဲမှုအပေါ် စနစ်တကျရှိစေရေးနှင့် ရေစက်များ အစဉ်ကြံ့ခိုင်ကောင်းမွန်ရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထိုက်၊ အင်ဂျင်နီယာမှူး ဦးမောင်မောင်သွင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်တို့ မေ ၁၅ရက်က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းထွေထွေ

စက်ရေတွင်းပန့် လဲလှယ်တပ်ဆင်

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် သွေးနက်ကျေးရွာအုပ်စု သွေးနက်ကျေးရွာစက်ရေတွင်း ရေထွက်နှုန်း ပိုမိုတိုးတက်စေရန် မိုနိုပန့် လဲလှယ်တပ်ဆင်ခြင်းနှင့် လိုအပ်သည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မေ ၁၂ရက်က ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု)ဦးသိန်းညွန့်ဟန် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပေါင်မြို့နယ်၌ သူနာပြုနေ့ အခမ်းအနား ကျင်းပ

ပေါင် မေ ၁၅

မွန်ပြည်နယ် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကို မေ ၁၂ရက် နံနက် ၁၀နာရီက ပေါင်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ် ဆရာဝန်ကြီး ဒေါက်တာမင်းသန့်ဇင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် သူနာပြုဆရာမကြီး ဒေါ်ရီရီထွန်းက သူနာပြုနေ့ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆုရရှိသော သူနာပြုဆရာမများအား မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးက ဆုများချီးမြှင့်သည်။ **(အောက်ပုံ)**

အခမ်းအနားအပြီးတွင် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမများက အလုပ်ကျေးရွာသို့ သောက်ရေသန့်ဘူးများ သွားရောက်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များထုတ်ပြန်၍ မီဒီယာများမှတစ်ဆင့် သတိပေးနှိုးဆော်လျက်ရှိသော်လည်း အချို့မှာ အလေးထားလိုက်နာမှု မရှိသည့်အတွက် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် အတိအကျ လိုက်နာဆောင်ရွက်သွားကြရန် ထပ်ဆင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

မုံရွာ မျိုးဆက်သစ်စာကြည့်တိုက် အဆောက်အအုံပန္နက်တင်

မုံရွာ မေ ၁၂

စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် မြဝတီရပ်ကွက် မျိုးဆက်သစ်စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၆ရက် နံနက် ၈နာရီက မြဝတီရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့ရှိ စာကြည့်တိုက်ပိုင်မြေပေါ်၌ ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် မျိုးဆက်သစ်စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တိုင်တင်မင်္ဂလာအခမ်းအနားကို စတင်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေ**(အောက်ပုံ)**က ပန္နက်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် မြဝတီရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များက တစ်ပြိုင်နက်တည်း ပန္နက်တိုင်တင်ခြင်းနှင့် အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။ အဆိုပါ စာကြည့်တိုက်အဆောက်အအုံမှာ အလျား ၁၈ပေ၊ အနံ ၁၀ပေ၊ အမြင့် ၁၂ပေနှင့် နံကပ်သွပ်မိုး၊ သမံတလင်းခင်းဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၄၅/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၄၅/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၀ ရက်)

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အာသောကလမ်း၊ အမှတ် ၁၆ (ပထမထပ်)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီအား ၂၀၁၀ပြည့်နှစ်၊ မေလ ၂၀ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၈) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ညောင်ဦးမြို့နယ် အနောက်အုံကျေးရွာရှိ လူငယ်အားမာန်စာကြည့်တိုက်တွင် စာပေလေ့လာဖတ်ရှုနေကြသော ကျေးလက်ပြည်သူများ။

စာဖတ်ခြင်းဖြင့် ထာဝရမိတ်ဆွေကို ရှာဖွေကြပါစို့

သတင်းခရီးသည် - မြင့်ဝေလှိုင် ➤ ဓာတ်ပုံမှတ်တမ်း - ရဲသူရအောင်(ညောင်ဦးခရိုင် ပြန်/ဆက်)

ညောင်ဦး မေ ၂၀

မြန်မာနိုင်ငံ၏ အပူဆုံးဒေသများတွင်ပါဝင်သည့် ပုဂံ-ညောင်ဦးဒေသသို့ ဧပြီလ၏ နွေလယ်နေ့များ၌ စာရေးသူ ရောက်ခဲ့သည်။ ဧပြီ ၂၀ရက် နံနက်က အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး သတင်းဆောင်းပါးရေးရန် ပုပ္ပားတောင်ဝန်းကျင်သို့ ရောက်ခဲ့စဉ် သစ်ရိပ်တောရိပ်များရှိသော *စာမျက်နှာ ၇ ကော်လံ ၁ ❍*

ဆိုင်ကလုန်းမုန်တိုင်း လိုင်လာ ကုန်းတွင်းမုန်တိုင်း အဖြစ်တည်ရှိ

နေပြည်တော် မေ ၂၀

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း လိုင်လာ (Laila)သည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းအဖြစ် တည်ရှိနေကာ အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)